ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၂း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၂း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၇၃.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကျန်းမာရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ပြည်ပခရီးစဉ်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ရှုန်၊ တနင်္သာရီ(၆)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ မန်းဘခိုင်ရုပ်တု ဖွင့်ပွဲအခမ်းအနား။ ဦးလှစိုး၊ တနင်္သာရီ (၉)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင် (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ မန်းဘခိုင်ရုပ်တု ဖွင့်ပွဲ။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို လေးစားစွာ ဂါရဝပြုပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဒီဥပဒေကြမ်းအပေါ်မှာ ပြန်လည်စိစစ်ခြင်း အစီရင်ခံစာကို ကျွန်တော် တင်သွင်းမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်သည် အမျိုးသားပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်၏ ဥပဒေ အမှတ် (၄၁/၂၀၁၄) အဖြစ် ၃၀-၉-၂၀၁၄ တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ယင်းဥပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုမှုများ ဖြစ်ပေါ်လာခဲ့ရာ လွှတ်တော်၊ အစိုးရ၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင် ကော်မတီ၊ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်တို့ ပါဝင်သော လေးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပ ညှိနှိုင်းခဲ့ပါသည်။ ယင်းအစည်းအဝေးများ၏ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန ပညာရေး ဝန်ကြီးက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၇-၂-၂၀၁၅ နေ့တွင် အမျိုးသားလွှတ်တော်မှ လက်ခံစဉ်းစားပေးပါရန် တင်သွင်းခဲ့ပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ညွှန်ကြားချက်နှင့်အညီ ယင်းဥပဒေကြမ်းကို ဆွေးနွေးခြင်းမပြုမီ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာ ကော်မရှင်၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှု ကွန်ရက်နှင့် နိုင်ငံရေးပါတီများ အပါအဝင် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်၊ အစုအဖွဲ့(၆)ခုနှင့် ၅-၃-၂၀၁၅ မှ ၁၇-၃-၂၀၁၅ ရက်နေ့အထိ ကြားနာမှုပြုလုပ်ခဲ့ပါသည်။ ကြားနာမှုပြုလုပ်ခဲ့ရာတွင်လည်း ဒီမိုကရေစီ ပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက် များအပေါ် အခြေခံ၍ သုံးသပ်ဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်တွင် ၂၄-၃-၂၀၁၅ ရက်နေ့နှင့် ၂၅-၃-၂၀၁၅ ရက်နေ့များတွင် လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့ကြသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ဥပဒေကြမ်း ကော်မတီက အဆိုပါနေ့ရက်များတွင်ပင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြားနာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးညှိနှိုင်းချက်များအရ ၎င်းတို့၏ အကြံပြုချက်များအနက် အသစ်ဖြည့်စွက် သင့်သည့် ပြဋ္ဌာန်းချက်များ၊ စကားရပ်ပြင်ဆင်ဖြည့်စွက်သင့်သည့် ပြဋ္ဌာန်းချက်များကို ထပ်မံပြင်ဆင် ထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။ အချို့ ပုဒ်မ၊ ပုဒ်မခွဲများကိုမူ ညှိနှိုင်းသဘောတူညီချက် မရရှိ သည့်အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို အခြေခံ၍ လွှတ်တော်မှ အဆုံးအဖြတ်ပြုနိုင်ရေး အတွက် ကွဲလွဲချက်များကို ကန့်လန့်ဖြတ်ဇယားနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လွှတ်တော်သို့တင်ပြပြီးဖြစ်သည့် ပြင်ဆင် ချက်များ၊ အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့ သဖြင့် ထပ်မံပြင်ဆင်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သဘောကွဲလွဲ သည့် အချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် အသေးစိတ်ပြုစုတင်ပြပြီး ဖြစ်ပါသဖြင့် အမျိုးသား လွှတ်တော် က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

သီးခြားတင်ပြချက်

ရန်ကုန်တိုင်း မဲဆန္ဒနယ်မှ ဦးဖုန်းမြင့်အောင် က ဤဥပဒေကြမ်းရဲ့အခန်း ပုဒ်မ၊ ပုဒ်မခွဲများ အပေါ် ကွဲလွဲချက်အဆို တင်ပြခြင်းမဟုတ်ဘဲ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား လက်ရှိ အနေအထားအရ ပြင်ဆင်ပြဋ္ဌာန်းရန် မသင့်သေးကြောင်းကို ကြောင်းကျိုးဖော်ပြချက်ဖြင့် ခြုံငုံသုံးသပ် ဆွေးနွေးသွားခြင်း ဖြစ်ပါသည်။

သို့ပါ၍ ဥပဒေကြမ်းကို ပုဒ်မတစ်ခုချင်းစီအလိုက် အတည်ပြုပြဋ္ဌာန်း ပြီးနောက် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်မပြုမီအချိန်တွင် ၎င်းအား အဆိုတင်စေပြီးမှ လွှတ်တော်၏ သဘောထား ရယူဆောင်ရွက်ရန် သင့်မြတ်မည် ဟု သုံးသပ်ရရှိပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ရန် တင်ပြချက်တို့ကို ဇယား နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ယခု အဆိုပါ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုဖို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ဒီလို ရယူရာမှာ ပြင်ဆင်ချက်၊ အဆိုတင်သွင်းချက်၊ အဆိုတင်သွင်းမှု (၅၁)ခု ရှိပါတယ်။ ဒါကြောင့် မဲခွဲဆုံးဖြတ်မှု အမြောက်အမြား ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြင်ဆင်တင်ပြချက် အားလုံးဟာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပေါ်မှာ ပြင်ဆင်လိုတဲ့ အချက်များ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအပေါ် မူတည်ပြီး ကွဲပြားတဲ့ တင်ပြချက်တစ်ခုချင်းကို မဲခွဲသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်က အားလုံးအပေါ်မှာ ထောက်ခံမဲများရင် ယင်းက အတည်ဖြစ်ပါတယ်။ ကွဲပြားတဲ့ တင်ပြချက်တစ်ခုခုက ထောက်ခံမဲများလို့ရှိရင် ယင်းအဆို အတည် ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခုထက် ပိုတဲ့ အဆိုများက ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ထက်ကို ထောက်ခံမှုများလို့ရှိရင် အချင်းချင်း ပြန်လည် မဲခွဲပေးခြင်းအားဖြင့် သမာသမတ်ကျစွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြိုတင်အသိပေးပါတယ်။ ပြင်ဆင်ချက်အဆို များပြားတဲ့အတွက် ဇယားကို ကိုင်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဇယားရဲ့ ပထမစာမျက်နှာ အမှတ်စဉ်(၁) ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၅။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော နာယကကြီး ခင်ဗျား။ အမှတ်စဉ်(၁) ဥပဒေကြမ်းရဲ့ အမည် ဖြစ်ပါတယ်။

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုတဲ့ ပြင်ဆင်ချက်ကို အဆိုအဖြစ် တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက အမှတ်စဉ်(၂) ကို ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ်(၂) ဖြစ်ပါတယ်။

၁။ ဤဥပဒေကို အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။ အပိုဒ်ခွဲ(ခ) ကိုတော့ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက တင်ပြရန် ရှိပါက တင်ပြဖို့ ဖြစ်ပါတယ်။

**ပညာရေးဝန်ကြီးဌာန**။ ။ မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ သည် ဥပဒေကြမ်းကော်တီ၏ တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ်(၃) ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့

၂။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါ အတိုင်း အစားထိုးရမည် -

(ဂ) ကော်မရှင် ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေး မူဝါဒ ကော်မရှင်ကို ဆိုသည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည် ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဂ) တင်ပြချက် အတည်ဖြစ်သည်။

တင်ပြချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက တင်ပြစရာ ရှိလို့ရှိလျှင် သဘောတူ/မတူ မေးတဲ့ အချိန်မှာ မိုက်တောင်းပြီး တင်ပြနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ က ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ်(၄) ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ်(၃) ဖြစ်ပါတယ်။

၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဆ) အမျိုးသားပညာရေး ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေး နှင့် ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည် ဆိုတဲ့ ပြင်ဌာန်းချက်ကို အတည်ပြုပေး နိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် သဘောထား မှတ်ချက်ပြုထားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က (၃) အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဆ) အမျိုးသားပညာရေး ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး စဉ်းစားတွေး ခေါ်တတ်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည် ဟု သဘောထား မှတ်ချက်ပြုထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းတင် မှန်တယ်နော်။ ဝန်ကြီးဌာနက ပြောစရာ ရှိပါသလား။

**ပညာရေးဝန်ကြီးဌာန**။ ။ သီးခြားတင်ပြရန် မရှိပါဘူး ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို အခြေခံပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မှတ်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၀)၊ ကန့်ကွက်(၅)၊ ကြားနေမဲ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ(၂) စဉ်(၅) ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၄ ကို ပယ်ဖျက်နိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်နဲ့ပတ်သက်လို့ သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပယ်ဖျက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ(၂) အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အပိုဒ် ၄ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဓ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဓ) အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့် တူညီသော အဆင့်အောင်မြင်ပြီးသူများကို အမျိုးသားပညာရေး မူဝါဒ ကော်မရှင်က အသိအမှတ်ပြု ထားသည့် ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသော ပညာရေးကို ဆိုသည် ဆိုတဲ့ ပြင်ဆင်ချက် အတိုင်း အတည်ပြုနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြောဖို့ရှိသလား။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ အဆိုပြုချက်အတိုင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ် ပြောပါ။

သဘောမတူလျှင် မတူဘူး ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ် ဇယား၊ စာမျက်နှာ ၂၊ အမှတ်စဉ် ၇ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၊ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဘ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

(ဘ) အထူးပညာရေးအစီအစဉ် ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ထောင်ဖွင့်လှစ်၍ သင့်လျော်သော သင်ကြား နည်းစနစ်ဖြင့် ပညာသင်ကြားခြင်းကို ဆိုသည်ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေး နိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက တင်ပြဖို့ ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက်အတိုင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဦးတွက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ တင်ပြချက် အတည်ဖြစ်သည်။ တင်ပြချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးတွက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ညာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား၊ စာမျက်နှာ ၂၊ အမှတ်စဉ် ၈ ဖြစ်ပါတယ်။ အပိုဒ် (၆)၊ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ယ)တွင် ပါရှိသော အကဲဖြတ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ဆိုသည့် စကားရပ်ကို အကဲဖြတ်ဆောင်ရွက်ရန် မှီခိုကင်းသည့် ပညာရှင်များပါဝင်၍ ဖွဲ့စည်းထားသော ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဆိုသည့် ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် အဆိုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဦးတွက္ကဋ္ဌ**။ ။ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ယ)ကို အောက်ပါအတိုင်း အစားထိုးရမည်။

(ယ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ ဆိုသည်မှာ နိုင်ငံတော်တွင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေး မူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့် အသီးသီး၏ အရည်အသွေး အာမခံမှုကို အကဲဖြတ် ဆောင်ရွက်ရန် ပညာရှင်များ ပါဝင်ဖွဲ့စည်း ထားသော အဖွဲ့အစည်းကို ဆိုသည် ဟု ပြင်ဆင် အဆိုပြုထားပါတယ်။

ဦးသိမ်းဆွေ မှန်ပါသလား။

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ပညာရှင်များ ပါဝင်၍

**ဦးတွက္ကဋ္ဌ**။ ။ ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ ကျွန်တော်ပေးတဲ့ အထဲထဲမှာတော့ ပညာရှင်များ ပါဝင်၍ ဖွဲ့စည်းထားသော ရပါတယ်၊ ဒီဟာကတော့ သိပ်ပြီး --

**ဦးတွက္ကဋ္ဌ**။ ။ ပညာရှင်များ ပါဝင်၍ ဖွဲ့စည်းထားသော

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဦးတွက္ကဋ္ဌ**။ ။ ကောင်းပြီ။

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆွေးနွေးတင်ပြခွင့်ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးပြီးပြီလေ။

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးပြီးတော့ ဒီပြင်ဆင်အတည်ပြုချက်အဆင့်ကို ရောက်နေပြီ။

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုနဲ့ပတ်သက်ပြီး ထောက်ခံ(၁၄၃)၊ ကန့်ကွက်(၆)၊ ကြားနေ (၃) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ဆက်လက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ကန့်လန့်ဖြတ် ဇယား၊ စာမျက်နှာ ၃၊ အမှတ်စဉ် ၉ ဖြစ်ပါတယ်။ အပိုဒ် (၇)၊ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ရ)တွင် ပါရှိသော အမျိုးသားပညာရေးကော်မရှင်က ဆိုသည့်စကားရပ်ကို အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ တင်ပြချက် အတည်ဖြစ်သည်။ တင်ပြချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ဆက်လက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား၊ စာမျက်နှာ ၄၊ အမှတ်စဉ် ၁၀ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၉ ကို ပယ်ဖျက်သင့်ပါကြောင်း ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒီတင်ပြချက်နဲ့ ပတ်သက်လို့ သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား၊ စာမျက်နှာ ၄၊ အမှတ်စဉ် ၁၁ ဖြစ်ပါတယ်။ ပြင်ဆင်တဲ့ဥပဒေမှာတော့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဟ)ကို အစားထိုးထားတာ ဖြစ်ပါတယ်။ ၂ (ဟ) အစားထိုးထားခြင်းကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လက်မခံပါဘူး။ ၂ (ဟ)ကတော့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းလိုတာကတော့ အပိုဒ် ၈၊ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဥ) ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ဥ) တက္ကသိုလ်ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ် ဆရာသမဂ္ဂ၏ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂမှ အမည်စာရင်း တင်သွင်းသော ယင်းတက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် အမှီခိုကင်းသော ပညာရှင်များ အပါအဝင် သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်ဆိုတဲ့ ပြင်ဆင်ချက်ကို အသစ်ဖြည့်စွက်ချက်ကို အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ နဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး တို့ရဲ့ ပြင်ဆင်ချက် အဆိုများ ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က (၈) အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဥ) ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ဥ) တက္ကသိုလ်ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ် ဆရာသမဂ္ဂ၏ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂမှ အမည်စာရင်း တင်သွင်းသော ယင်းတက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များ၊ အများယုံကြည်

လေးစားသည့် ပုဂ္ဂိုလ်များနှင့် အမှီခိုကင်းသော ပညာရှင်များ အပါအဝင် သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်ဟု ပြင်ဆင်ရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ဦးသိမ်းဆွေ၊ ယခု ဖတ်ပြတဲ့အတိုင်း မှန်ပါသလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မှားပါတယ် ခင်ဗျား။ မှားနေလို့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြောပါ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ပြန်ဖတ်ပြမယ်နော်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ (၈) အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ဠ) တက္ကသိုလ် ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ် ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ရွေးချယ်သော ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားများမှ ရွေးချယ်သော ကျောင်းသားကိုယ်စားလှယ် များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ပညာရှင်များပါဝင်၍ သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။ မှန်ပါသလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ မှန်တယ်နော်။ ကောင်းပြီ။ ဒါ ခုနက ရုံးအဖွဲ့က မှားပြီးတော့ ရိုက်ထားတာ။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၄၂)၊ ကန့်ကွက် (၈)၊ ကြားနေ (၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများပါတယ်။

ဆက်လက်ပြီး ဒေါက်တာဗညားအောင်မိုး ရဲ့ အဆိုနဲ့ ဆက်လက် မဲခွဲမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး က (၈) အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ဠ) တက္ကသိုလ် ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ် ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ် ဆရာသမဂ္ဂ၏ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂမှ အမည်စာရင်း တင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် အမှီခိုကင်းသောပညာရှင်များ၊ တိုင်းရင်းသားစာပေနှင့်

ယဥ်ကျေးမှုအသင်းမှ အမည်စာရင်း တင်သွင်းသော ပညာရှင်တစ်ဦးပါဝင်၍ သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။ မှန်လား။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ ဥက္ကဋ္ဌကြီး။ တက္ကသိုလ် ဆိုလို့ ရေးထားတာ။ တက္ကသိုလ်၊ တိုင်းရင်းသားစာပေနှင့် ယဥ်ကျေးမှုအသင်း၊ ဘာလို့လဲဆိုတော့ အပြင် မှာလည်း စာပေယဉ်ကျေးမှုအသင်းတွေ ရှိတယ်၊ ဒါက တက္ကသိုလ်၊ စာပေယဉ်ကျေးမှုအသင်း၊

**ဥက္ကဋ္ဌ။** ။ ဟုတ်ပြီ။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ ပြီးတော့ ကျွန်တော်က ပညာရှင်များ လို့ ထည့်ထားတယ်။ တစ်ဦးရယ်လို့တော့ မသတ်မှတ်ဘူး။

**ဥက္ကဋ္ဌ။** ။ ပညာရှင်များ။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ဟုတ်ပြီ။ ဒါပဲလား။ သမဂ္ဂများတွေရော မပါတော့ဘူး။ ဆွေးနွေးတုန်းက သမဂ္ဂတွေမှာ များတွေ ထည့်တယ်။ ပါသေးလား။ မပါတော့ဘူးနော်။ တက္ကသိုလ်ဆရာသမဂ္ဂ၏ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂမှ အမည်စာရင်း တင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များ၊ ရပြီနော်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ များ ပါတယ်။ သမဂ္ဂ မှာ များပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျောင်းသားသမဂ္ဂ၊ တက္ကသိုလ်ဆရာ သမဂ္ဂများ၏ နော်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ကျောင်းသားသမဂ္ဂများမှ

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ဟုတ်ပြီ။ ပြန်ဖတ်ပြမယ်။ နားထောင်ပါဦး။

**ဥက္ကဋ္ဌ။** ။ (ဃ) တက္ကသိုလ်ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂ များမှ အမည်စာရင်း တင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များ၊ အများယုံကြည် လေးစားသည့် ပုဂ္ဂိုလ်များနှင့် အမှီခိုကင်းသောပညာရှင်များ၊ တက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဥ်ကျေးမှုအသင်းမှ အမည်စာရင်း တင်သွင်းသော ပညာရှင်များ ပါဝင်၍ သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။ မှန်ပြီလား။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ရပြီ။

ဒီအဆိုနဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၃၂)၊ ကန့်ကွက် (၁၅ )၊ ကြားနေ (၂) မဲ ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)နဲ့စပ်လျဉ်း၍ ဦးသိမ်းဆွေ နဲ့ဒေါက်တာဗညားအောင်မိုး တို့၏ တင်ပြချက်များနဲ့ ဥပဒေကြမ်းကော်မတီတို့၏ တင်ပြချက်များကို မဲခွဲဆုံးဖြတ်ရာမှာ ဥပဒေကြမ်း ကော်မတီက ထောက်ခံမဲ အများဆုံးရတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၅၊ ကန့်လန့်ဖြတ်ဇယား၊ အမှတ်စဉ် ၁၂ ဖြစ်ပါတယ်။ အပိုဒ်(၉)၊ အမျိုးသား ပညာရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ)နောက်တွင် ပုဒ်မခွဲ(အ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ လူတိုင်းအကျုံးဝင် ပညာရေး ဆိုသည်မှာ မသန်စွမ်းသူများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုလိုသည်ဆိုတဲ့ တင်ပြချက်ကို အဆိုပြုတင်ပြချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြောစရာရှိရင် ပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်း ကော်မတီ၏ သဘောထား အတိုင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့ပတ်သက်ပြီး

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ တင်ပြချက် အတည်ဖြစ်သည်။ တင်ပြချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ က ဆက်လက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယား၊ စာမျက်နှာ ၆၊ အမှတ်စဉ် ၁၃ ဖြစ်ပါတယ်။ အပိုဒ် ၁၀ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)၏နောက်တွင် ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ)တို့ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်။ (ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရန်၊ (ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်

ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများကို လည်းကောင်း၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ အခြား လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လည်းကောင်း ပြည်သူလူထုက သိရှိရယူနိုင်ရန်ဆိုတဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြ အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဇ)နဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။ မှန်ပါသလား။ (ဈ)နဲ့ပတ်သက်ပြီး ဦးသိမ်းဆွေ က ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။ ဒါကို တစ်ခုချင်း ဆန္ဒမဲရယူမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆၊ အမှတ်စဉ် ၁၃၊ အပိုဒ် ၁၀ (ဇ)နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင် တို့ရဲ့ ပယ်ဖျက်ချက်တို့ကို မဲခွဲမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၅)၊ ကန့်ကွက်(၅)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးအုန်းတင် ရဲ့အဆို ပျက်ပြယ်ပါတယ်။ ဆက်လက်ပြီးတော့ အပိုဒ် ၁၀၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ရဲ့နောက်မှာ ပုဒ်မခွဲ(ဈ) ကို ပယ်ဖျက်ဖို့ ဦးသိမ်းဆွေ က သဘောထားမှတ်ချက် ပြုထားပါတယ်။ မှန်ပါသလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)** ။ ။ (ဇ)ကို ထောက်ခံပြီး (ဈ) ကို အဝ့ါဖြစ်ထားတာပါ။ ဟုတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။

**ဦးသိမ်းဆွေ**။ ။(ဈ)ကို ကန့်ကွက်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ပယ်ဖျက်ထားတယ်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၆)၊ ကန့်ကွက်(၆)မဲ၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးသိမ်းဆွေ ရဲ့ အဆို ပျက်ပြယ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။ မိုက်တောင်းပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၆)နဲ့(၇)ဖြစ်ပါတယ်။ အမှတ်စဉ်(၁၅)ဖြစ်ပါတယ်။ အပိုဒ်ခွဲတစ်ခုချင်းစီ အလိုက်ပဲ တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အပိုဒ်(၁၁) အမျိုးသားပညာရေးဥပဒေတွင် (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)၏ အထက်တွင် ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မခွဲ(ဂ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(က) နိုင်ငံတော်တွင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပညာရေး လွတ်လပ်ခွင့် ရှိရေး။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ် ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် အမှီအခိုကင်းသော ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက် အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာသမဂ္ဂ ကိုယ်စားလှယ် များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူရေး။

(ဂ) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်နဲ့အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့် ရှိရေးဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှာ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က အပိုဒ်(ခ)နဲ့ ပတ်သက်ပြီး ပြင်ဆင်ချက် အဆိုတင် သွင်းထားပါတယ်။ ဒါကြောင့် အပိုဒ်(ခ)ကို အရင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ် ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း များ၊ မိဘများ၊ ဆရာ သမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသား သမဂ္ဂကိုယ်စားလှယ်များ၏ အကြံပြုချက် များကို ရယူရေး၊

ဦးသိမ်းဆွေ မှန်ပါသလား။ မှန်တယ်နော်။ ဟုတ်ပြီ။

အဲဒီတော့ အပိုဒ်(ခ)နဲ့ ပတ်သက် ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ တင်ပြချက်ကို ဆန္ဒမဲရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၃)၊ ကန့်ကွက်(၇)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးသိမ်းဆွေ ရဲ့ အဆို ပျက်ပြယ်ကြောင်းကြေညာပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ မူလတင်ပြချက် အပိုဒ် ၁၁၊ ပုဒ်မ ၄ ပုဒ်မခွဲ(က)အထက်တွင် ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မခွဲ(ဂ)တို့ အောက်ပါအတိုင်းဖြစ်စေရမည်။ (က)(ခ)(ဂ) တင်သွင်းထားတာ ရှိပါတယ်။ ဒီအချက်အားလုံးနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် (၁၁) အမျိုးသားပညာရေးဥပဒေတွင် (က) ပုဒ်မ ၄ ပုဒ်မခွဲ(က) အထက်တွင် ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မခွဲ(ဂ)တို့ အဖြစ် အစားထိုးသော ပုဒ်မအားလုံး ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အပိုဒ်(၁၁)ရဲ့ အပိုဒ်ခွဲ(ခ)(ဂ)နဲ့(ဃ)တို့အား ပြင်ဆင်ချက်အဆိုများ တင်သွင်းထားခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ တစ်ဆက်တည်း တင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

(ခ) ပုဒ်မ ၄ ၏ မူလပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ကို ပုဒ်မခွဲ(ဃ)နဲ့ ပုဒ်မခွဲ(င)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။ (ဂ) ပုဒ်မ ၄ ၏ မူလပုဒ်မခွဲ(ဂ)ကို ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(စ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်။

ဒါကတော့ ကျွန်တော်တို့ အဆိုပြုပြင်ဆင်ချက် ဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်မှာတော့ ကျောင်းနေအရွယ် ကလေးသူငယ်နဲ့ လူငယ်အားလုံး ပညာသင်ခွင့်ရရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရှိသူများကို ပညာရေး အဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူး ဝန်ဆောင်မှုအစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေး အစီအစဉ်ထားရှိရေးဖြစ်ပါတယ်။

ပုဒ်မခွဲ(ဃ)ကတော့ ပုဒ်မ ၄ ရဲ့ မူလပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)တို့ကို ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ) နှင့် ပုဒ်မခွဲ(ည)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်ဆိုတဲ့ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ပုဒ်မ ၄ ရဲ့ ပြန်လည်အမှတ်စဉ်ရမယ့် အမှတ်စဉ်များနဲ့ ပုဒ်မ ၄(စ)အဖြစ် မူလအဆိုပြု ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပုဒ်မ ၄ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီက ဆက်လက် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်(၁၁)ရဲ့ အပိုဒ်(င)ကတော့ ပြင်ဆင်ချက် အဆိုတင်သွင်းထားတဲ့အတွက်ကြောင့်မို့လို့ အပိုဒ်ခွဲတစ်ပိုဒ်ချင်းစီ အလိုက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ (င) ပုဒ်မ ၄ ၏ မူလပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)တို့ကို ပြန်လည်အမှတ်စဉ်သည့် ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲ(ဌ)နှင့် ပုဒ်မခွဲ(ဍ)တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်။

( ဋ ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာ အထက်တန်း စာမေးပွဲရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်းမဟုတ်ဘဲ တက်ရောက်မည့် တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ် ထားရှိရေး ဆိုတဲ့ ပြင်ဆင်ချက် အဆိုကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) က ဦးသိမ်းဆွေ က တည်ဆဲဥပဒေအတိုင်း အတည်ပြုသင့်ပါသည်။ တည်ဆဲဥပဒေ ဆိုသည်မှာ (ဇ)(ဈ)(ည) ဒီအပိုဒ်(၃)ပိုဒ်လုံးကို ဆိုလိုပါ သလား။

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)**။ ။ ဒီမူလဥပဒေ အတိုင်းကို ကျွန်တော်က ပုဒ်မ ၄(ဇ) ကို ကျွန်တော် ဆိုလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)**။ ။ သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေးဆိုပြီးဖြစ်ပါတယ်။ မူလဥပဒေပုဒ်မ၄ ပုဒ်မခွဲ(ဇ)မှာ ----

**ဥက္ကဋ္ဌ**။ ။ ထိုင်ပါ၊ ထိုင်ပါ။ (ဈ)ရော၊ မပါဘူးနော်။ (ဇ)တစ်ခုပဲ။ ကောင်းပါပြီ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၄ ၏ မူလပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)

တို့ကို ပြန်လည်အမှတ်စဉ်သည့် ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄)နဲ့ ပုဒ်မခွဲ(၅)တို့ဖြင့် အောက်ပါအတိုင်း အစားထိုးရမည်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီက တင်ပြသွားတာရှိပါတယ်။

အဲဒီ (၃)နေရာမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ဦးသိမ်းဆွေ က လက်ရှိ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေ အမျိုးသားပညာရေးဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဇ)အတိုင်း အဆိုပြုသွားတာဖြစ်ပါတယ်။

ဒီအဆိုပြုချက် (၂)ရပ်အပေါ်မှာ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၄၀)၊ ကန့်ကွက်(၉)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ပုဒ်မ ၄ ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၈) ဖြစ်ပါတယ်။ ခုနတုန်းက ပုဒ်မခွဲကို ဆက်လက်ပြီးတော့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပုဒ်မခွဲ(၄) ကျောင်းများတွင် ဘာသာရေးအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးစွက်ဖက်မှုမှ ကင်းလွတ်စေရေးဆိုတဲ့ အဆိုပြုပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတင်ပြတဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(၄)နဲ့ပတ်သက်ပြီးတော့ ဦးသိမ်းဆွေ နဲ့ ဦးအုန်းတင် တို့က ပြင်ဆင်အဆိုပြုချက်များရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) က ဦးသိမ်းဆွေ က (၄) ကျောင်းများတွင် ဘာသာရေးအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်းတို့၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေးဖြစ်ပါတယ်။ မှန်ပါသလား။ ကောင်းပါပြီ။

ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၄၂)၊ ကန့်ကွက်(၇)၊ ကြားနေ(၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးသိမ်းဆွေ ရဲ့ ပြင်ဆင်ချက် အဆို ပျက်ပြယ်ပါတယ်။

ဆက်လက်ပြီးတော့ ဒီအဆိုအပေါ်မှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ပုဒ်မခွဲ(၃)နဲ့ပုဒ်မခွဲ(၄)တို့ကို ပယ်ဖျက်ရမည်လို့ အဆိုပြုထားပါတယ်။ ဦးအုန်းတင် မှန်ပါသလား။ မှန်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုနဲ့ ဦးအုန်းတင် အဆိုကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၇)၊ ကန့်ကွက်(၃)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဦးအုန်းတင် ရဲ့ အဆိုကလည်း ပျက်ပြယ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မခွဲ(ဍ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရေး ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးသိမ်းဆွေ က (ဍ) အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရေး ဆိုတဲ့ ပြင်ဆင်အဆိုပြုချက် ရှိပါတယ်။ မှန်ပါသလား။

ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ ပြင်ဆင် အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၄)၊ ကန့်ကွက်(၅)၊ ကြားနေ(၂) မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်(၁၁)ရဲ့ ပုဒ်မခွဲ(စ)နဲ့(ဆ)ဖြစ်ပါတယ်။

(စ) ပုဒ်မ ၄ ၏ ပုဒ်မခွဲ(ဋ) နဲ့ (ဌ)တို့ကို ပုဒ်မခွဲ(ဍ)နဲ့(ဏ)တို့ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဆ) ပုဒ်မ ၄ ၏ မူလပုဒ်မခွဲ(ဍ)ကို ပြန်လည်အမှတ်စဉ်သည့် ပုဒ်မခွဲ(ထ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

(ထ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေးဆိုတဲ့ ပြင်ဆင်ချက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက်အဆို မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ်မှာ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၃း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၁၉။**

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၄၃)အထိ ရှိပါပြီ။ (၉) ပဲရောက်သေးတယ်။ အဲဒီတော့ ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ဦးစားပေးပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ အိပ်ပျက်တဲ့ ပုဂ္ဂိုလ်တွေလည်း၊ ဝန်ထမ်းတွေရော၊ ဥပဒေကြမ်းကော်မတီရော အများကြီး အိပ်ပျက်ပြီး မအိပ်မနေဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တွေအချို့ရဲ့ တင်ပြချက်အရ ပြင်ဆင်ချက်အဆို မရှိတဲ့ ပုဒ်မ၊ ပုဒ်မခွဲတွေကို တစ်ဆက်တည်း လွှတ်တော်သဘောတူ/မတူ ဆန္ဒခံယူပေးဖို့ တင်ပြတာ ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒကိုပဲ ပြန်ယူမှာဖြစ်ပါတယ်။ အဲဒီတော့ ပြင်ဆင်ချက်အဆို မရှိတဲ့ ပုဒ်မ၊ ပုဒ်မခွဲများကို တစ်ဆက်တည်းလွှတ်တော်ရဲ့ ဆန္ဒခံယူဖို့ သဘောတူပါ သလား ခင်ဗျား။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

အသံကျယ်လှချည်လား။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီက အဲဒီအတိုင်း တင်ပြသွားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၁။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကိုရော၊ သဘောတူပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုရော အထူးကျေးဇူးတင်ပါတယ်။ စာမျက်နှာ(၉) ကျွန်တော်တို့ အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။

၁၂။ အမျိုးသားပညာရေးဥပဒေ၏ အခန်း(၄)ကို အောက်ပါအတိုင်း အစားထိုးရမည် -

အခန်း(၄)

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဖွဲ့စည်းခြင်း/ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ (က) အစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အမျိုးသားပညာရေး မူဝါဒကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) အစိုးရအဖွဲ့က ရွေးချယ်အဆိုပြုသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပညာရှင် (၂)ဦး၊

(၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင်(၁)ဦး၊

(၃) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင်(၁)ဦး၊

(၄) ဝန်ကြီးဌာန၏ ကိုယ်စားလှယ်(၂)ဦး၊

(၅) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင် (၂)ဦး၊

(၆) ကျောင်းသားသမဂ္ဂများကညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင်(၂)ဦး၊

(၇) အခြေခံပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၈) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင်(၅)ဦး၊

(၉) နည်းပညာနှင့် အသက်မွေးပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၁၀) ဆရာအတတ်သင် ပညာရေးကဏ္ဍမှပညာရှင်(၂)ဦး၊

(၁၁) လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍမှ ပညာရှင်(၁)ဦး၊

(၁၂) သင်ရိုးညွှန်းတမ်းပညာရှင်(၂)ဦး၊

(၁၃) ဥပဒေပညာရှင်(၁)ဦး ဆိုတဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယင်းအပိုင်းနဲ့ ပတ်သက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး က ပုဒ်မခွဲငယ်(၆)၏ အောက်တွင် ပုဒ်မခွဲငယ်(၇)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

(၇) တက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ အမည်စာရင်းတင်သွင်းသော ပညာရှင် (၁)ဦး

ပုဒ်မခွဲငယ်(၁၃)၏အောက်တွင် ပုဒ်မခွဲငယ်(၁၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၁၄) ပြည်နယ်လွှတ်တော်နှင့် အစိုးရများမှ ညှိနှိုင်းရွေးချယ်ပေးသော တိုင်းရင်းသားပညာရှင်(၁)ဦးစီ ပေါင်း(၇)ဦး။

ဒေါက်တာဗညားအောင်မိုး မှန်ပါတယ်နော်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇)**။ ။တက္ကသိုလ်များ၊ စာပေ၊ ယဉ်ကျေးမှု၊ အသင်းအဖွဲ့ တစ်နိုင်ငံလုံးမှာဆိုရင် အသင်းအဖွဲ့က တက္ကသိုလ်တိုင်း နီးပါးလောက်မှာ ရှိတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ပညာရှင်တစ်ဦးအစား ပညာရှင်များပေါ့။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇)**။ ။ ဟုတ်ကဲ့။ (၂)ဦးလို့ ကျွန်တော်တင်တုန်းက(၂)ဦးလို့ ဒီမှာရေးထားတာက နည်းနည်း။

**ဥက္ကဋ္ဌ**။ ။ (၂)ဦးလား။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ (၂)ဦးဆို လုံလောက်ပြီ။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇ )**။ ။ လုံလောက်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ (၇)ပေါ့။ နောက် (၁၄) က။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇)**။ ။ (၁၄) က ဒီအတိုင်း မှန်ကန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မှန်ကန်တယ်နော်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇ )**။ ။ ဟုတ်၊ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဒေါက်တာဗညားအောင်မိုးရဲ့ ပြင်ဆင်အဆိုပြုချက်အပေါ်မှာ လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။ ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၈၄)၊ ကန့်ကွက်(၆၀)၊ ကြားနေ (၆)မဲဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြောစရာရှိလို့ရှိရင် မိုက်တောင်းပြီး ပြောနိုင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။

(ခ) ကော်မရှင်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကော်မရှင်က ရွေးကောက် တင်မြှောက်ရမည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့သည် ပြည်ထောင်စုအဆင့် ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်ကိုဝန်ကြီးဌာနမှကိုယ်စားလှယ်များအား ပေးအပ်၍ကော်မရှင်၏ ရုံးလုပ်ငန်းကိုပါ တာဝန်ခံဆောင်ရွက်စေရမည်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဆိုတဲ့အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို လွှတ်တော်က သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အပိုဒ်(၆)၊ (က)မှာတော့ ပြင်ဆင်ချက်အဆိုရှိတဲ့အတွက် အပိုဒ်ခွဲတစ်ခုပဲ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေး ရည်မှန်းချက်များ နှင့် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း ဆိုတဲ့ အဆိုကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုး က (က) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေး ဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း လို့ ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ မှန်ပါသလား။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဒေါက်တာဗညားအောင်မိုး ရဲ့ ပြင်ဆင် အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

ဆန္ဒမဲပေးနိုင်ကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၀)၊ ကန့်ကွက်(၁၄)၊ ကြားနေ (၆)မဲဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အပိုဒ်(၆) သည် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ကန့်လန့်ဖြတ်ဇယား ရဲ့ စာမျက်နှာ(၁၁)ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

၆။ (ခ) အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသား သင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ရေးကော်မတီ၊ အဆင့်မြင့် ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် အခြားလိုအပ်သော အဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာ မူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ် သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း ဆိုတဲ့ အချက်(၃)ချက်ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေး နိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပိုဒ်(၆)(ခ)၊ (ဂ)၊ (ဃ) တို့နှင့် ပတ်သက် ပြီးတော့ လွှတ်တော်က သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အပိုဒ်(၆) (ခ)၊ (ဂ)၊ (ဃ) သည် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်(၆)၊ အပိုဒ်ခွဲ(င) ကို ဥပဒေကြမ်းကော်မတီ ကတော့ ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များ ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းလို့ ဒီလိုပဲ အဆိုပြုတင်ပြထားပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က ကိုယ်စားလှယ်တော်ကြီးက ဦးစံပြည့် ကတော့ ဒီဟာကို ပယ်ဖျက်လိုကြောင်း တင်ပြထားပါတယ်။ ဒီဟာကို လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစံပြည့် တော့ မရှိဘူးနော်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးစံပြည့် ရဲ့ ပယ်ဖျက်ချက်ကို လွှတ်တော်ရဲ့ဆန္ဒ ရယူမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၈)၊ ကန့်ကွက်(၇)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁၂)ကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။

(စ) ပညာရေးကဏ္ဍအတွက် ပြည်တွင်း၊ ပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲနိုင်ရန် အလို့ငှာ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၉။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့် စပ်လျဥ်းသည့် ကုန်ကျစရိတ်များကိုဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည် ဆိုတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်များကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုတင်ပြမှာကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၃) ကနေပြီးတော့ စာမျက်နှာ(၁၈)အထိ ပါရှိတဲ့အဆိုပြုပြင်ဆင်ဖြည့်စွက်ချက်ရဲ့ အပိုဒ်(၂၂) ဖြစ်ပါတယ်။ ဒီအပိုဒ်(၂၂)တစ်ခုလုံးကိုတော့ ပယ်ဖျက်သင့်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၁၈)၊ စဥ်(၁၈) ဖြစ်ပါတယ်။ အပိုဒ်(၁၃) အမျိုးသား ပညာရေးဥပဒေ ပုဒ်မခွဲ(ဂ)ကို အစားထိုးပြီးတဲ့အခါမှာ မူလဥပဒေကြမ်းမှာကတော့ (ဃ)၊ (င)၊ (စ) တို့ကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ (ဂ) ကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက အောက်ပါအတိုင်း ပြင်ဆင်အဆိုပြုလိုပါတယ်။ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(က)ပါ ပညာရေးအဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေး အကဲဖြတ်ခြင်း နှင့်စပ်လျဥ်း၍ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်း

ရမည်။ ဆက်ပြီးတော့ ဖြည့်စွက်လိုတဲ့ အပိုဒ်ခွဲ(ဃ)၊ (င) နဲ့ (စ) တို့ကိုတော့ ဖြည့်စွက်ရန် မသင့်တဲ့ အတွက်ကြောင့် မို့လို့ ပယ်ဖျက်သင့်ပါကြောင်း လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ ပယ်ဖျက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁၈)၊ အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အပိုဒ်(၁၄)။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၇။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရမည်ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) က ဦးသိမ်းဆွေက တည်ဆဲဥပဒေ အတိုင်းအတည်ပြုသင့်ကြောင်း တင်ပြထား ပါတယ်။ ဦးသိမ်းဆွေ တည်ဆဲဥပဒေပုဒ်မကို ဖတ်ကြားတင်ပြပါ။

**ဦးသိမ်းဆွေ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ တည်ဆဲဥပဒေဖြစ်တဲ့ အခန်း(၄) ကျွန်တော်တို့ ပုဒ်မ ၁၇ မှာ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရေး ဆိုတာကို ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီအတိုင်းကို ကျွန်တော် အဆိုပြုထားတာ ဖြစ်ပါတယ်။ မူလဥပဒေအတိုင်းကို။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ရဲ့ တင်ပြချက်တို့အပေါ် လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၄)၊ ကန့်ကွက်(၁၃)၊ ကြားနေ (၁)မဲဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၉)၊ အမှတ်စဉ်(၂၀)ဖြစ်ပါတယ်။ အပိုဒ်(၁၅) အမျိုးသား ပညာရေးဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၉။ မြန်မာနိုင်ငံတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မိခင်တိုင်းရင်းသားဘာသာ စကားအခြေပြုဘာသာစကားစုံ သင်ကြားရေးစနစ်ကို ရှေးဦးကလေးသူငယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှားပြင်ဆင် တင်ပြခွင့်ပြုပါ ခင်ဗျား။ ကျွန်တော်တို့ ထပ်မံပြီးတော့ ညှိနှိုင်းချက်များအရ ပြင်ဆင်ချက်များ ရှိပါတယ်။

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၉။ မြန်မာနိုင်ငံတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မိခင် တိုင်းရင်းသား ဘာသာစကားကို သင်ကြားမှုဘာသာစကားအဖြစ် ရှေးဦးကလေး သူငယ် ပညာရေးမှစ၍ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့နှင့် တွဲဖက် အသုံးပြုခွင့်ရှိသည် ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုဆောင်ရွက် ပေးနိုင်ပါရန် တင်ပြ အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုရမည် -

၁၉။ (က) အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။

(ခ) မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မိခင်တိုင်းရင်းသား ဘာသာစကားဖြင့် သင်ကြား သင်ယူ မှုကို ကျင့်သုံးနိုင်သည် လို့ ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက် အဆိုနဲ့ပတ်သက်လို့ ဦးသိမ်းဆွေ နဲ့ အလားတူပဲ ဦးပေါ်လျှံလွင်၊ ဦးဂျေယောဂူ တို့လည်း တစ်မျိုးစီ တင်သွင်းထားတာ ဖြစ်ပါတယ်။

အခု ပထမဦးစွာ ဦးသိမ်းဆွေ ရဲ့ ပြင်ဆင်ချက်အဆို မှန်ပါသလား။

**ဥက္ကဋ္ဌ**။ ။ ပြန်ဖတ်ပြရမလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ အခန်း(၅)၊ ပုဒ်မ ၁၉(က) ကျွန်တော် တင်ပြထားတဲ့ဥစ္စာ ဟုတ်ပါတယ်။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြား ရမည်။ မူလဥပဒေမှာ ပါတဲ့အတိုင်း။ နောက် (ခ)က မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုး များ၏ ကလေးများအတွက် မိခင်တိုင်းရင်းသားဘာသာစကားဖြင့် သင်ကြားသင်ယူမှုကို ကျင့်သုံးနိုင် သည်။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ အဆိုပြုချက်ကို ဆန္ဒခံယူမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၂)၊ ကန့်ကွက်(၁၅)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဦးသိမ်းဆွေ ရဲ့အဆို ပျက်ပြယ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ၁၉ မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် တိုင်းရင်းသားဘာသာစကား အခြေပြု ဘာသာစကားစုံ သင်ကြားရေးစနစ်ကို ကျောင်းတွင်း၌ စိတ်ကြိုက်ဘာသာရပ်အဖြစ် ထည့်သွင်းပြီး ရှေးဦးကလေးသူငယ် ပညာရေးမှစ၍ ကျင့်သုံးရမည်လို့ အဆိုတင်သွင်းထားပါတယ်။ မှန်ပါသလား။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးပေါ်လျှံလွင် ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၀)၊ ကန့်ကွက်(၅)၊ ကြားနေ(၅)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဦးပေါ်လျှံလွင် ရဲ့ အဆိုပြုချက် ပျက်ပြယ်ကြောင်း ကြေညာပါတယ်။

ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) က ၁၉ မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မသင်မနေရ ဘာသာရပ်များကို မထိခိုက် စေဘဲ တိုင်းရင်းသား ဘာသာစကားကို စိတ်ကြိုက်ဘာသာရပ်အဖြစ် သင်ကြားစေရန် မိခင် တိုင်းရင်းသား ဘာသာစကား အခြေပြု ဘာသာစကားစုံ သင်ကြားရေးစနစ်ကို ရှေးဦးကလေးသူငယ် ပညာရေးမှစ၍ ကျင့်သုံးရမည် လို့ ပြင်ဆင်ထားပါတယ်။ မှန်ပါသလား။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးဂျေယောဝူ ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၄)၊ ကန့်ကွက်(၉)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ထောက်ခံမဲ များတဲ့အတွက် ဦးဂျေယောဝူ ရဲ့ အဆိုပြုချက် ပျက်ပြယ်ပါတယ်။

ဒါကြောင့် ဒီအပိုဒ်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၂၀) အမှတ်စဉ်(၂၁)(၂၂)(၂၃) ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၆၊ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသား အားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် လိုအပ်သော ဆရာများ မွေးထုတ်ပေးရမည်။

၁၇။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)၏နောက်တွင် ပုဒ်မခွဲ(ဃ) အဖြစ် အောက်ပါ အတိုင်း အသစ် ဖြည့်စွက်ရမည် -

(ဃ) မသန်စွမ်းသူများအား သင့်လျော်သည့် သင်ကြားရေး နည်းစနစ်များဖြင့် သင်ကြား ပေးနိုင်မည့် ဆရာများ ပေါ်ထွန်းလာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရမည်။

ကျွန်တော်တို့ အမှတ်စဉ်(၂၃) ကတော့ အမျိုးသားပညာရေး ဥပဒေ တည်ဆဲ ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)ကို ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။ ဒီ ပယ်ဖျက်ချက်ကို ပြန်လည်ပြီးတော့ ပယ်ဖျက်တဲ့အတွက် ကြောင့်မို့လို့ တည်ဆဲဥပဒေအတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း ၁၆၊ ၁၇ နဲ့ ပတ်သက်ပြီး ၁၇ မှာ ပယ်ဖျက်တာက အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က) ကို ပယ်ဖျက်တာ။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ စောစောက မျဉ်းစောင်းတစ်ခုပါတာ ပြောမလို့ မေ့သွားတယ်။ ခေါင်းစဉ်မှာ မျဉ်းစောင်းတစ်ခု ပါသွားတယ်။ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့် ဆိုတာ ပုဒ်မ ဘယ်လောက်လဲ။ ဟုတ်ပြီ ဟုတ်ပြီ။ ကောင်းပြီ။ မျဉ်းစောင်း မထည့်ရဘူးနော်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ(၉)ရဲ့ အမှတ်စဉ်(၁၆) ဖြစ်ပါတယ် ခင်ဗျား။ Typing Error ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခွင့်လွှတ်ပေးဖို့ အနူးညွတ်တောင်းပန်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုဒ် ခံလိုက်ပေါ့။ ကောင်းပြီ။ အမှတ်စဉ်(၂၄) ဆက်ပြီး တင်ပြပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ စာမျက်နှာ(၂၀) အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)တွင် ပါရှိသော မူလတန်းအဆင့် ဆိုသည့်စကားရပ်ကို အခြေခံပညာမူလတန်းအဆင့် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်ပြီးသူများ တက်ရောက်နိုင်သော ဆိုသည့်စကားရပ်ကို အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက် သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း နှင့် ပုဒ်မခွဲ(ဂ)တွင် ပါရှိသော အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီး မြောက်ပြီးသူများ တက်ရောက်နိုင်သော ဆိုသည့် စကားရပ်ကို အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူ များနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည် ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီပုဒ်မနဲ့ ပတ်သက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ တို့ရဲ့ ပြင်ဆင်ချက်အဆိုများ ရှိပါတယ်။

ပထမဦးစွာ ဒေါက်တာဗညားအောင်မိုး ရဲ့ ပြင်ဆင်ချက်အဆိုမှာ -

အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၁။(ခ) အလယ်တန်း အဆင့် ပြီးမြောက်ပြီးသူ များနှင့် ညီမျှသည့် အရည်အချင်း ရှိသူများ တက်ရောက်နိုင်သော အထက်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး ဖြစ်ပါတယ်။ မှန်ပါသလား။

ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဒေါက်တာဗညားအောင်မိုး ရဲ့ အဆိုပြုချက်ကို လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၃)၊ ကန့်ကွက်(၈)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ဖြစ်တဲ့ ပုဒ်မခွဲ(ခ) တွင် ပါရှိသော အလယ်တန်းအဆင့် အောင်မြင် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော ဆိုတဲ့ စကားရပ်သာလျှင် အတည်ဖြစ်ပြီးတော့ ဒေါက်တာဗညားအောင်မိုး ရဲ့ အဆို ပျက်ပြယ်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ရဲ့ အမျိုးသား ပညာရေးဥပဒေပုဒ်မ ၂၁ ၏ နောက်တွင် ပုဒ်မ ၂၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၂၁-က။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာတစ်ခု ရှိလာသည်အထိ ဝေးလံခေါင်သီ ရှားပါးခက်ခဲသည့် ဒေသများရှိ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအတွက် -

(က) နိုင်ငံတော်၏ ကာကွယ်ရေးနှင့် သက်ဆိုင်သော တပ်မတော် တက္ကသိုလ်များ၊ ရဲအရာရှိ သင်တန်းကျောင်းများနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၊ ကျောင်းများတွင် ခွဲတမ်းစနစ်ဖြင့် အဆင့်မြှင့်တင်ပေးရမည်။

( ခ ) တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက်မြင့်မား ရေးအတွက် အထူးကူညီ ပံ့ပိုးဆောင်ရွက်သော စီမံကိန်းတစ်ရပ်ရှိစေရမည် ဆိုပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။

ဦးဂျေယောဝူ မှန်ပါသလား။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးဂျေယောဝူရဲ့ ဖြည့်စွက်ချက်အပေါ်မှာ လွှတ်တော်ရဲ့ဆန္ဒ ရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၁)၊ ကန့်ကွက်(၁၇)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဦးဂျေယောဝူ ရဲ့ ဖြည့်စွက်ချက် ပျက်ပြယ်ပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၂၂)နဲ့ (၂၃) တို့မှာ ပါရှိတဲ့ အမှတ်စဉ်(၂၆)(၂၇)(၂၈) တို့ကို ဆက်လက်ပြီးတော့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၂။ ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များတွင် အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်တို့၏ အမျိုးအစား၊ အဆင့်အတန်းတို့ကို အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ က သတ်မှတ်ရမည်။

၂၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၄။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။

၂၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၇။ တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက တက္ကသိုလ်ကောင်စီ အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်း

နိုင်ရေးအတွက် သက်ဆိုင်ရာ ပညာရေးဥပဒေတွင် ပြဋ္ဌာန်းပေးရမည်ဆိုတဲ့ အဆိုပြုတင်ပြချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အပိုဒ် ၁၉၊ ၂၀၊ ၂၁ တို့နဲ့ ပတ်သက်ပြီး သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂၃)မှာ ပါရှိတဲ့ အမှတ်စဉ်(၂၉) ကို ဆက်လက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြင်ဆင်ချက်အဆို တင်သွင်းထားတာ ရှိတဲ့အတွက်ကြောင့်မို့လို့ အပိုဒ်ခွဲ(၂)ခုကို ဦးစွာ တင်သွင်းပါမယ်။

၂၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၈။(က) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ် လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာ အထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်း မဟုတ်ဘဲ တက်ရောက်မည့် တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ် ထားရှိကျင့်သုံးရမည်။

(ခ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်ရမည် ဆိုတဲ့ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီပုဒ်မနဲ့ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က ၂၈(က) တည်ဆဲဥပဒေအတိုင်း (ခ) တည်ဆဲဥပဒေအတိုင်း အတည်ပြုသင့်ကြောင်း တင်ပြထားပါတယ်။

၂၈။ အဆင့်မြင့်ပညာ သင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် -

(က) သုတေသနနှင့် ပညာရပ် ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) သင်ယူသူများအား ယင်းတို့၏ဆန္ဒများကို အခြေခံပြီး သက်ဆိုင်ရာကျောင်းက သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

ဦးသိမ်းဆွေ မှန်ပါတယ်နော်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီမှာ ကျွန်တော်က ဒီ အခန်း(၅)၊ ပုဒ်မ ၂၈ ရဲ့ ဥပဒေ မူလဥပဒေအတိုင်းကို (က)(ခ) ကို ရေးဆွဲ ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ်တွေကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြထားတဲ့ (ခ) နဲ့ (ဂ)ကို နောက်ဆက်တွဲ ကျွန်တော်တို့ အမှတ်စဉ်(ဂ)နဲ့(ဃ) အဖြစ် ကျွန်တော်က အမှတ်စဉ် ပြောင်းထားဖို့အတွက် အဆိုပြုထားတာ ဖြစ်ပါတယ်။ အဲဒီအပိုဒ်လေး မပါတာ တစ်ခုပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ အမှတ်စဉ်ပြောင်းတာတော့ ကိစ္စမရှိပါဘူး။ အခုက (က)နဲ့ (ခ) က မူလဥပဒေအတိုင်း။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ မူလဥပဒေအတိုင်း ထားပြီးတော့ ဥပဒေကြမ်းက တင်ပြထားတဲ့ (ခ) နဲ့ (ဂ) ကို (ဂ) နဲ့ (ဃ) အဖြစ် နောက်ဆက်တွဲ ထည့်ပေးဖို့ တင်ပြထားခြင်း ဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (ခ)နဲ့(ဂ)ကို (ဂ) နဲ့ (ဃ) အဖြစ်။ အော် ဟုတ်ပြီ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ကျွန်တော်က ဥပဒေ မူလဥပဒေ (က)(ခ) လို့

**ဥက္ကဋ္ဌ**။ ။ ထည့်လိုက်တဲ့အတွက် ဟုတ်ပြီ ဟုတ်ပြီ။ ကောင်းပါပြီ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ရဲ့ တင်ပြချက်နဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၆)၊ ကန့်ကွက်(၉)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဦးသိမ်းဆွေ ရဲ့ ၂၈ (က)(ခ) တည်ဆဲဥပဒေအတိုင်း အတည်ပြုသင့်ကြောင်းနဲ့ အမှတ်စဉ် ပြန်လည်အမှတ်စဉ် မှတ်တဲ့ကိစ္စ ပျက်ပြယ်ကြောင်း ကြေညာပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက် တင်သွင်းသွားပါမယ်။

၂၈။(ဂ) အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲ ခွင့်ရှိရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများသည် သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေး ဆောင်ရွက်ရမည် ဆိုတဲ့ ပြဌာန်းချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လိုက်လေ။ နောက်မှာ ပယ်ဖျက်တွေ ပယ်ဖျက်တွေ။ ဟုတ်တယ်မို့လား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက် ပြီးတော့ တင်ပြပါမယ် ခင်ဗျား။ ကျွန်တော်တို့ စာမျက်နှာ(၂၄) အမှတ်စဉ်(၃၀) ဖြစ်ပါတယ်။ မူလဥပဒေ ပုဒ်မ ၃၄(ဆ) ကို အစားထိုးထားတဲ့ အပိုဒ်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်သင့် ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ဆက်ပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဪ ၃၁ က ဟိုဟာရှိတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ ပြင်ဆင် ချက် အဆို ရှိပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဟုတ်ပြီ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်အဆို မရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၂၄)၊အမှတ်စဉ်(၃၁)ဖြစ်ပါတယ်။ မူလတည်ဆဲ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၄ (ဈ)ရဲ့ နောက်မှာ ပုဒ်မခွဲ(ည) အဖြစ် အသစ်ဖြည့်စွက်ထားခြင်းကို ပယ်ဖျက်သင့်ပါကြောင်း အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ က အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၄ (ဈ) နောက်တွင်ပုဒ်မခွဲ (ည)ကို အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

(ည) ဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ၊

ဦးပေါ်လျှံလွင် မှန်ပါသလား။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးပေါ်လျှံလွင်ရဲ့ ပြင်ဆင်အဆိုပြုချက်အပေါ် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၉)၊ ကန့်ကွက်(၉)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂၄)၊ အမှတ်စဉ်(၃၂) နဲ့ (၃၃)တို့ကို ဆက်လက် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၃။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော ဤဥပဒေ (သို့မဟုတ်) တည်ဆဲပညာရေး ဥပဒေတစ်ရပ်ရပ် ဆိုသည့်စကားရပ်ကို ဤဥပဒေ ပညာရေးဆိုင်ရာ ဥပဒေများ၊ အခြားဥပဒေများ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၆။ ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ တည်ထောင်ခွင့်ရရှိသော ကျောင်းများသည် မိမိကျောင်း၏ အဆင့်အတန်းအလိုက် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့တို့ကို အပ်နှင်းပိုင်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၃၊ အပိုဒ် ၂၄ နဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ် သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂၃၊ အပိုဒ် ၂၄ သည် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၂၅ ကို ဆက်လက်တင်သွင်းသွားပါမယ်။

၂၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့်အဆင့်တိုင်းတွင် အများနည်းတူ တန်းတူ ပညာသင်ကြားနိုင်ရေး၊ သင်ကြားရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြု ပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များ၊ သင့်လျော်သော ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးမှုများကို ပြုလုပ်ပေးနိုင်ရန်နှင့် မသန်စွမ်းသူများအတွက် အတားအဆီးများ မရှိသော ကျောင်းပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရေးအတွက် စီမံကိန်းရေးဆွဲ ချမှတ်ဆောင်ရွက်ရမည်။

( ခ ) ပင်မပညာရေးစနစ်ဖြင့် သင်ကြားနိုင်ရန်ခက်ခဲသည့် မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ထို့အပြင် ပုဂ္ဂလိက လူမှုရေးအဖွဲ့ အစည်းများနှင့် မသန်စွမ်း အသင်းအဖွဲ့များက ဖွင့်လှစ်လိုပါကလည်း ဖွင့်လှစ်ခွင့် ပြုနိုင်သည်ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(က) မသန်စွမ်းသူများ ပညာသင်ယူရာတွင် အများနည်းတူ တန်းတူ ပညာသင်ကြားနိုင်ပါက ပုံမှန်ကျောင်းများတွင် လက်ခံရမည်။

( ခ ) ပုံမှန်ကျောင်းများတွင် လက်ခံသင်ယူနိုင်ရန် အခက်အခဲရှိသည့် အထူးလိုအပ်ချက်ရှိသော ကလေးသူငယ်များအတွက် အထူးပညာရေးကျောင်းများ၊ အထူးပညာရေး အစီအစဉ်များဖြင့် သင်ကြားပေးရမည်။

( ဂ ) ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက အထူးပညာရေးကျောင်းများ ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်လို့ ပြင်ဆင်အဆိုပြုထားပါတယ်။

ဦးသိမ်းဆွေ မှန်ပါသလား။ မှန်တယ်နော်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၁)၊ ကန့်ကွက်(၉)၊ ကြားနေ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂၅)၊ အမှတ်စဉ်(၃၅)ကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အတွက်ကြောင့်မို့လို့ ခြေဆင်းစာသားကို ဦးစွာတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ ဆိုတဲ့ခြေဆင်းစာသားကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပါ ၃၈၊ ၂၆ ခြေဆင်းစာသားနဲ့ ၃၈ ပြဋ္ဌာန်းချက်ကို ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က အမျိုးသားပညာရေး ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် လို့ ပြင်ဆင်အဆိုပြုထားပါတယ်။

ဦးသိမ်းဆွေ မှန်ပါသလား။ ကောင်းပါပြီ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၀)၊ ကန့်ကွက်(၉)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ်(၃၅)နဲ့ (၃၆)တို့ကို တစ်ဆက်တည်း ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အပိုဒ် ၂၆ မှာ ခုန ခြေဆင်းစာသားကို အတည်ပြုပြီး ဖြစ်ပါတယ်။အပိုဒ်ခွဲ(က)၊ ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့ မသင်မနေရ မူလတန်းပညာရေးပြီးမြောက်စေရေးနှင့် အဆင့်ဆင့် တိုးချဲ့ ဖော်ဆောင်နိုင်ရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။ (ခ)ဖွံ့ဖြိုး တိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီ ကျောင်းများ ဖွင့်လှစ် သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

အပိုဒ် ၂၇ ၊အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉နှင့် ပုဒ်မ ၄၀ တို့တွင် ပါရှိသော ကော်မရှင် ဆိုသည့် စကားရပ်ကို အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်ဆိုတဲ့ အဆိုပြုချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ဥပဒေကြမ်းကော်မတီကတင်ပြတဲ့ ၂၆ (က)(ခ)၊ ၂၇ တို့နဲ့ ပတ်သက်လို့ သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၀။**

အစည်းအဝေးကို (၁၀)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၂၄။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂၆ ကို ဆက်လက် တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပြင်ဆင်ချက် အဆိုပြု တင်ပြထားတာရှိတဲ့ အတွက်ကြောင့်မို့လို့ အပိုဒ်ခွဲလိုက် တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

၂၈။ အမျိုးသားပညာရေးဥပဒေတွင်

(က) ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဆ) သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့် ရှိရေးဆိုတဲ့ ပြင်ဆင်ချက်ကို အတည် ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က ပုဒ်မ ၃၉ (ဆ) ကို ပယ်ဖျက်ရမည်လို့ ပြင်ဆင်အကြံပြုထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးစံပြည့်ရဲ့ ပယ်ဖျက်ချက်ကို လွှတ်တော်ရဲ့ဆန္ဒ ရယူ ပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၄)၊ ကန့်ကွက်(၁၄)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်ခွဲ(ခ) မှာ (ခ) ကို ဆက်လက်တင်ပြပါမယ်။

(ခ) ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)(ည) နှင့် (ဋ) တို့ဖြင့် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဈ) သင်ယူသူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်း နှင့် သင်ကြားနည်းစနစ်များ ဖြစ်စေရေးနှင့် သင်ယူသူ၏ အသက်အရွယ် သဘာဝနှင့် ကိုက်ညီမှုရှိစေရေး

(ည) ရှေးဦးအရွယ် ကလေးသူငယ်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက် တန်း၊ သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့် တစ်ခု ဆက်စပ်မှုရှိရေး ဆိုတဲ့ ပြဋ္ဌာန်းချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ (၂၇)ဖြစ်ပါတယ်။ (၄)မှာ ပြင်ဆင်ချက်အဆိုကို တင်သွင်းထားတဲ့ ပုဂ္ဂိုလ်(၂)ဦး ရှိပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကတော့ တင်သွင်းလိုတဲ့ အဆိုက (၄) သင်ယူသူများ ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်နှင့် စဉ်းစားတွေးခေါ်မြော်မြင်မှုများ ရရှိစေပြီးလက်တွေ့ဘဝနှင့်ကိုက်ညီဆက်စပ်မှုရှိသော သင်ရိုးညွှန်းတမ်းများဖြစ်စေရေးဆိုတဲ့ ပြဋ္ဌာန်းချက်ကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက သင်ယူသူများဘဝတစ်လျှောက်လုံးအသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များအတွက် အခြေခံပညာရေးအဆင့်မှ စတင်ရန်နှင့် စဉ်းစားတွေးခေါ်မြော်မြင်မှုများရရှိစေပြီး လက်တွေ့ဘဝနှင့် ကိုက်ညီဆက်စပ်မှုရှိသော သင်ရိုးညွှန်းတမ်းများဖြစ်စေရေးဆိုပြီးတော့ ပြင်ဆင်အကြံပြုထားပါတယ်။

ဦးအုန်းတင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)ကတော့ ပယ်ဖျက်ဖို့ အကြံပြုထားပါတယ်။

ပထမဦးစွာ ဒေါက်တာဗညားအောင်မိုး တင်ပြချက်က ဖတ်ပြတဲ့အတိုင်း မှန်ကန်ပါသလား။

ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဒေါက်တာဗညားအောင်မိုးရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၅)၊ ကန့်ကွက်(၁၀)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒေါက်တာဗညားအောင်မိုး ရဲ့ အဆိုပြုချက် ပျက်ပြယ်ပါတယ်။

ဦးအုန်းတင် က ပုဒ်မခွဲ (၄)ကို ပယ်ဖျက်ရမည်လို့ အဆိုပြုထားပါတယ်။

မှန်ကန်ပါသလား။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးအုန်းတင် ရဲ့ ပယ်ဖျက်ချက်ကို လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၃)၊ ကန့်ကွက်(၆)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဦးအုန်းတင်ရဲ့ ပယ်ဖျက်ချက်လည်း ပျက်ပြယ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၂၇) အမှတ်စဉ်(၃၉)ကို ဆက်လက်တင်သွင်းသွားပါမယ်။

၂၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၀ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

၄၀။(က) ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး

(၂) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး

(၃) ပညာရေးဝန်ကြီးဌာနက ဘာသာရပ်အလိုက် ခန့်အပ်သော ပညာရှင်များ

(၄) ပညာရပ်ဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းများက ရွေးချယ်ပေးသည့် ပညာရှင်များ

(၅) သင်ရိုးညွှန်းတမ်း ပညာရှင်များ

(၆) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင် (၂)ဦး

(၇) ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး ဆိုတဲ့ အဆိုပြုချက်ကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ် က ပုဒ်မခွဲငယ်(၃)၏အောက်တွင် ပုဒ်မခွဲငယ်(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၄) ပြည်ထောင်စုတိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ရွေးချယ်သော ပညာရှင်(၁)ဦး၊

ဦးခင်မောင်လတ် မှန်ပါသလား။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)**။ ။ နည်းနည်း လွဲနေပါတယ် ဥက္ကဋ္ဌကြီး။ ပုဒ်မခွဲငယ် ၅ အောက်က ပုဒ်မခွဲငယ် ၆ အဖြစ် တိုးချဲ့ဖြည့်စွက်လိုတာသာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဒ်မခွဲငယ် ၅ ၏ အောက်တွင် ပုဒ်မခွဲငယ် ၆ အဖြစ် ဖြည့်စွက်လိုတာ မှန်ပါတယ်နော်။ စာသားတော့ မှန်တယ်နော်။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)**။ ။ စာသား မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်း ကော်မတီ ရဲ့ တင်ပြချက်နဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ရဲ့ ပြင်ဆင်အဆိုပြုချက် အပေါ် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၃)၊ ကန့်ကွက်(၁၄)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါက်တာဇဉ်ဘားအောင်မိုး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) က ပုဒ်မခွဲငယ်(၇) ၏ အောက်တွင် ပုဒ်မခွဲငယ်(၈) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

(၈) တက္ကသိုလ်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းများမှ အမည်စာရင်း တင်သွင်းသော ပညာရှင်(၁)ဦး၊ ဒေါက်တာဇဉ်ဘားအောင်မိုး မှန်ပါသလား။ (၂)ဦး။

**ဒေါက်တာဇဉ်ဘားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာဇဉ်ဘားအောင်မိုး တင်သွင်းတဲ့ ပုဒ်မခွဲငယ်(၇) ၏ အောက်တွင် ပုဒ်မခွဲငယ်(၈) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၈) တက္ကသိုလ်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အသင်းများမှ အမည်စာရင်း တင်သွင်းသော ပညာရှင်(၂)ဦးဆိုတဲ့ အဆိုပြုချက်နဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ ဆန္ဒ ခံယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၇၂)၊ ကန့်ကွက် (၇၉)၊ ကြားနေ (၁)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ကန့်ကွက်မဲများတဲ့အတွက် ဒေါက်တာဇဉ်ဘားအောင်မိုး ရဲ့ အဆို ပျက်ပြယ်ကြောင်း ကြေညာပါတယ်။

မဟုတ်ဘူးလေ။ သူ့တစ်ခုတည်းကို ဥပဒေကြမ်းကော်မတီက ဥစ္စာကို အတည်ပြုပြီးပြီ။ အပေါ်က အခုဟာက ထပ်ဖြည့်တာလေ၊ ထပ်ဖြည့်တာ။ အပေါ်ကဟာက ဥပဒေကြမ်း ကော်မတီရဲ့ဟာ အတည် ပြုပြီးပြီ။ ဦးခင်ရွှေ နားလည်လား မသိဘူး။ အခုဟာက ထပ်ဖြည့်တာလေ ဖြည့်စွက်တာ အောက်ပါ အတိုင်း ဖြည့်စွက်ရမည်။ ဖြည့်စွက်တဲ့ကိစ္စကို သဘောတူ/မတူ ဆန္ဒ ခံယူတာလေ။ ကောင်းပြီ။ ဒါက တူ မထုရသေးဘူး။ အဲဒါ ခင်ဗျားတို့ နားလည်အောင် ပြန်ရှင်းပြမယ်။ ဒါက အပေါ်က အပိုဒ်တွေနဲ့ ပတ်သက်လို့ ကန့်ကွက်တဲ့လူတွေ မရှိပါဘူး။ အပိုဒ်ခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) ကန့်ကွက်တာ မရှိဘူး။ ဖြည့်စွက်တာပဲ ရှိတယ်။ အဲဒီတော့ အပေါ်ကဟာတွေက ဥပဒေကြမ်းကော်မတီရဲ့ဟာကို အတည်ပြုပြီးပြီ။ အခုဟာက ဥပဒေကြမ်းကော်မတီကနေ ဒါကို ခင်ဗျားတို့ဟာကို တင်သွင်းခြင်း

မရှိပါဘူး။ ခင်ဗျားတို့ဟာကို ကျွန်တော်ပဲ ဖတ်ပြမယ်။ ဒေါက်တာဗညားအောင်မိုးက ဒီလို ဖြည့်စွက်ချင်တယ်။ သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒ ခံယူမယ်။ အဲဒီတော့ အခု ပြန်ပြီးတော့ မဲခွဲပေးမယ်။ ကိုယ်တိုင်ပါ ကန့်ကွက်တယ်ဆိုတော့ အဲဒီတော့ မျက်စိလည်သွားတာပေါ့နော်။ အလုပ်ကများတော့ အခုဟာက ဒေါက်တာဗညားအောင်မိုးက ဖြည့်စွက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုဖြည့်စွက်သလဲဆိုတော့ ပုဒ်မခွဲငယ်(ဂ) ၏ အောက်တွင် ပုဒ်မခွဲငယ်(ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဃ) တက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ အမည်စာရင်း တင်သွင်းထားသော ပညာရှင်(၂)ဦး ဒါနဲ့ပက်သက်လို့ လွှတ်တော်ရဲ့ဆန္ဒကို ခံယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာဗညားအောင်မိုးရဲ့ ဖြည့်စွက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဒေါက်တာဗညားအောင်မိုး နဲ့ ဦးပေါ်လျှံလွင် တို့ရဲ့ ဖြည့်စွက်ချက် ပုဒ်မခွဲငယ်(ဃ) ၏ အောက်တွင် ပုဒ်မခွဲငယ်(င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(င) ပြည်နယ်လွှတ်တော်နှင့် အစိုးရများမှ ညှိနှိုင်းရွေးချယ်ပေးသော တိုင်းရင်းသား ပညာရှင်(၁)ဦးစီ ပေါင်း(ဂ)ဦး ဒေါက်တာဗညားအောင်မိုး နဲ့ ဦးပေါ်လျှံလွင် မှန်ပါသလား။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ကျွန်တော့်ဥစ္စာ အရေးအသားလွဲနေပါတယ် ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ။** ။ ပြောပါ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ပြည်နယ် အစိုးရများ၏ ကိုယ်စားလှယ်(၁)ဦးစီ အဲဒါပဲ ပါတယ်။ လွှတ်တော် မပါဘူး။

**ဥက္ကဋ္ဌ။** ။ အဲဒါ ဘယ်အပိုဒ်မှာလဲ ဘယ်အပိုဒ်မှာ ထည့်ချင်တာလဲ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ခုနက အပိုဒ်မှာပါ။

**ဥက္ကဋ္ဌ။** ။ မှန်တယ်လေ။ အဲဒါဆို ၉ မှာပဲ ထည့်မှာကို။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ဟုတ်ကဲ့

**ဥက္ကဋ္ဌ။** ။ ခုန (၉) မှာပဲပါသွားပြီ။ ပြည်နယ်လွှတ်တော်နှင့် အစိုးရက ရွေးချယ်သည့် တိုင်းရင်းသား ပညာရှင်တစ်ဦးစီ ပေါင်း(ဂ)ဦးကို အဓိပ္ပာယ်ကွဲလွဲချက် မရှိပါဘူး။ သို့သော် လွှတ်တော်နှင့် ညှိနှိုင်းရမည် ဆိုတာကတော့ ပါတာပေါ့။ (၉)မှာ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လွှတ်တော် မပါဘူး။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်နဲ့ မညှိနှိုင်းနိုင်ဘူးလား။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ကျွန်တော် ပြည်နယ် အစိုးရများ၏ ဆိုပြီးတော့ အဲဒီမှာ ပြည်နယ်အစိုးရပဲ ရှိတယ်။ ကိုယ်စားလှယ်က ဒါဆို ပြည်နယ်အစိုးရရဲ့ ကိုယ်စားလှယ် တစ်ဦးလို့ ဦးတည်တာ။ ပညာရှင်တွေလည်း မလိုအပ်တော့ဘူး အခြားအဖွဲ့က အသီးသီးက ပါပြီးပြီ။ ပြည်နယ်အစိုးရ၏ ကိုယ်စားလှယ်တစ်ဦးစီကို လိုလားတာ။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာဗညားအောင်မိုး ကတော့ ခုနက ဖတ်ပြတဲ့အတိုင်း မှန်တယ်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ပထမဦးဆုံး ဒေါက်တာဗညားအောင်မိုး ရဲ့ ဖြည့်စွက်ချက် ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

ပုဒ်မခွဲငယ်(စ) ၏အောက်တွင် ပုဒ်မခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဇ) ပြည်နယ်လွှတ်တော်နှင့် အစိုးရများမှာ ညှိနှိုင်းရွေးချယ်ပေးသော တိုင်းရင်းသား ပညာရှင်တစ်ဦးစီ ပေါင်း(၇)ဦး၊

မှန်တယ်နော်။

ဒါနဲ့ပတ်သက်ပြီး ဒီတစ်ချက်တည်းကိုပဲ လွှတ်တော်ရဲ့ဆန္ဒ ခံယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ်မှာ ထောက်ခံ(၁၀၅)၊ ကန့်ကွက်(၄၂)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာဗညားအောင်မိုး ရဲ့ အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးပေါ်လျှံလွင် ရဲ့ အဆိုကို ဆက်ပြီးတော့ လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမယ်။ အပိုဒ် ဇ မှာ ပြည်နယ်အစိုးရများ၏ ကိုယ်စားလှယ်တစ်ဦးစီ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ဆန္ဒ ခံယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၅)၊ ကန့်ကွက်(၁၃၀)၊ ကြားနေမဲ(၅)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဦးပေါ်လျှံလွင် ရဲ့ အဆို ပျက်ပြယ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) က ဦးသိမ်းဆွေ အောက်တော့ ရောက်နေပြီ။ ဦးသိမ်းဆွေ က အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆) နှင့် (၇) တွင် ပါရှိသော အမှီခိုကင်းသည့် ပညာရှင်/ လွတ်လပ်သော

ပညာရှင်ဆိုသည့် စကားရပ်ကို ပညာရှင်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ အဲဒီတော့ ဒီမှာ (၆) နဲ့ (၇) မှာ ဥပဒေကြမ်းကော်မတီက (/) လွတ်လပ်သောဆိုတာ မပါပါဘူး။ အမှီအခိုကင်းသည့် ပညာရှင် ဆိုတာပဲ ပါတယ်။ အဲဒီတော့ ဦးသိမ်းဆွေ တွေ့တယ်နော်။ ခဏလေး မဟုတ်ဘူးလေ။ အခု မေးတာကို ဖြေလေ။ ခုနတုန်းက ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်မှာ (၆) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး၊ အမှီအခိုကင်းသည့်

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ (၇) ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး၊

**ဥက္ကဋ္ဌ။** ။ ဟုတ်ပြီနော်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့။ အဲဒီမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ ရှေ့ပိုင်းတွေမှာ ဒီမှာ ရေးထားတာတွေက ပညာရှင်တွေ ဆိုပြီး ရေးထားတယ်။ နောက် ၁၊ ၂၊ ၃၊ ၄၊ ၅ ထိက ပညာရှင်လို့ ရေးထားပြီးတော့ ၆ နဲ့ ၇ မှာကျတော့ အမှီအခို ကင်းတဲ့ ပညာရှင်လို့ တစ်ခါ ပြောထားပါတယ်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ပညာရှင်ဆိုတာကတော့ တကယ်တမ်းပြောရရင်

**ဥက္ကဋ္ဌ။** ။ မှန်တယ် မှန်တယ်။ မဟုတ်ဘူး။ အခု မေးနေတာက ဦးသိမ်းဆွေ ရဲ့ အဆိုမှာ အမှီအခိုကင်းသည့် ပညာရှင် / လွတ်လပ်သော ပညာရှင် ဆိုပြီးပါနေသလား

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ကျွန်တော်က ပညာရှင် ပါပဲ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မဟုတ်ဘူးလေ၊ ဆိုသည့်စကားရပ် ဆိုတဲ့နေရာမှာ

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အဲဒီအပိုင်းကို ကျွန်တော် ပြောခဲ့တာ မဟုတ်ဘူး။ ရှေ့ပိုင်းမှာ ကျွန်တော်က ပြောခဲ့ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မဟုတ်ဘူး။ အခု မေးနေတဲ့ကိစ္စက ဦးသိမ်းဆွေ က ပြင်ချင်တဲ့ စကားလုံးသည် အမှီအခို ကင်းသည့် ပညာရှင် အစားကို ပညာရှင်လို့ ပြင်ချင်တာလား

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ပါတယ် ခင်ဗျ။

**ဥက္ကဋ္ဌ။** ။ ဟုတ်ပြီ။ အဲဒါကို မေးတာ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် အဲဒီအပေါ်မှာများ ဥပဒေကြမ်းအနေနဲ့များ အဲဒါလေး ကျွန်တော် ပြန်ပြီးတော့များ နည်းနည်းလေး နားလည်အောင် ရှင်းပြလို့ရရင် (၁)မိနစ်၊ (၂)မိနစ်လောက်လေး ရှင်းပြစေချင်လို့

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ရှေ့ပိုင်းတွေမှာ

**ဥက္ကဋ္ဌ။** ။ ဒီနေ့ ဒီဥပဒေကြမ်းက ပြီးမှာ မဟုတ်တော့ဘူး။ ဆွေးနွေးပြီးသား ကိစ္စလေ။

**ဥက္ကဋ္ဌ**။ ။ မိမိတင်လာတဲ့အဆိုက အားလုံး နားလည်ပါတယ်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ရှေ့နောက် အံချော်သွားမှာ စိုးလို့ပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ က ပုဒ်မခွဲငယ်(၆) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး၊ (၇) ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး ဆိုတဲ့ နေရာမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးသိမ်းဆွေ က အမှီအခိုကင်းသည့် ပညာရှင်ဆိုသည့် စကားရပ်ကို ပညာရှင် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ မှန်ရဲ့လား ကောင်းပြီ။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၇)၊ ကန့်ကွက်(၁၄)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ဒီအဆိုဟာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုအပေါ် အတည်ပြုပြီး ဦးတည်ပြီး လုပ်တာဖြစ်တဲ့ အတွက် ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အပိုဒ် ၂၉ မူရင်းဥပဒေ ပုဒ်မ ၄၀ ကို အစားထိုးထားတာ ကျွန်တော်တို့ အခု ပုဒ်မခွဲ(က)ကို အစားထိုးထားတာကို အဆို တင်သွင်းသွားတာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အဆိုတင်သွင်းပါမယ်။

( ခ ) ကော်မရှင်သည် လိုအပ်ချက်နှင့်အညီ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

( ဂ ) အဆိုပါ ကော်မတီသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ ရေးဆွဲရန် တာဝန်ခံရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များနှင့် ယင်းက ဖွဲ့စည်းသော အဖွဲ့များ၏ အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့် ရှိသည်။

( င ) ကော်မတီနှင့် ယင်းက ဖွဲ့စည်းသော အဖွဲ့များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်း တာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

( စ ) ကော်မတီနှင့် ယင်းက ဖွဲ့စည်းသော အဖွဲ့များနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

(ဆ) ကော်မတီသည် အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ဇ) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ ရေးဆွဲရာတွင် စိစစ်အတည်ပြုပေးခြင်း၊

(၂) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့်အညီ သင်ရိုးညွှန်းတမ်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြင်ဆင်ချက်အဆိုများ မရှိတဲ့အတွက်ကြောင့်မို့လို့ ဆက်လက် တင်ပြခွင့်ပြုပါရန်

**ဥက္ကဋ္ဌ**။ ။ ခဏလေး၊ ခဏလေး ဒါက လွှတ်တော်ကိုယ်စားလှယ်များ ကန့်လန့်ဖြတ် ဇယား စာမျက်နှာ(၂၉) နောက်ဆုံးစာပိုဒ်မှာ ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ချက် (ခ) ဖြစ်ပါတယ်။ (ခ) ကော်မရှင်သည် လိုအပ်ချက်နဲ့အညီ ကော်မတီကို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။ ဒါသည် အသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။ ကျန်တဲ့ဟာတွေက အလယ်စာတိုင်တွေကို အမှတ်စဉ်တွေ ပြောင်းသွားတာ ဖြစ်ပါတယ်။ အလယ်တိုင် (ခ) သည် (ဂ) (ဂ) သည် (ဃ)၊ (ဃ) သည် (င)၊ (င) သည် (စ)၊ (စ) သည် (ဆ)၊ (ဆ)သည် (ဇ)၊ (ဇ) အောက်မှာ (ကက)(ခခ)သည် ၁ ၊ ၂ ဖြစ်ပါတယ်။ ဒါလေး ရှင်းအောင် ပြောတာပါ။ ကောင်းပြီ။ ဆက်ပြီးတင်ပြပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ စာမျက်နှာ(၃၀) အမှတ်စဉ် ၄၃ ၊ ၄၄ ၊ ၄၅ ၊ ၄၆ ကို ဆက်လက် တင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၃၀ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ(က)တွင် ပါရှိသော ကော်မရှင် ဆိုသည့် စကားရပ်ကို အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ ကျွန်တော်တို့ အမှတ်စဉ် ၄၄ နဲ့ ၄၅ မှာ ဖော်ပြထားတဲ့ အပိုဒ် ၃၁ နဲ့ ၃၂အဆိုပြု ပြဋ္ဌာန်းချက် အတိုင်းဆိုတာဟာ ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီက တင်သွင်းထားတဲ့အတိုင်း တိုက်ရိုက် ကျွန်တော်တို့ ဒါကို လက်ခံထားတာ ဖြစ်ကြောင်းတင်ပြလိုပါတယ်။ တင်ပြပါမယ်။

၃၁။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) မသန်စွမ်းသူများအတွက် သင်ကြားရမည့် အထူးပညာရေး အစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။

၃၂။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် ကူညီဆောင်ရွက်ရမည် ဖြစ်ပါတယ်။

ကျွန်တော်တို့ အမှတ်စဉ် ၄၆ မှာဖြစ်တဲ့ ပြင်ဆင်တဲ့ ဥပဒေ အပိုဒ် ၄၇ မှာတော့ အမျိုးသားပညာရေးဥပဒေ မူရင်းပုဒ်မ ၄၃ နဲ့ ၄၄ ကို ပယ်ဖျက်ထားခြင်းကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ထပ်ဆင့်ပြီးတော့ ပယ်ဖျက်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ တည်ဆဲဥပဒေအတိုင်းသာ ပြဋ္ဌာန်းရန်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ အပိုဒ် ၃၀ ၊ ၃၁၊ ၃၂ ဒါ့အပြင် ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၄၆ အပိုဒ် ၄၇ ပယ်ဖျက်ချက် တို့နဲ့ပတ်သက်လို့ သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အမှတ်စဉ် ၄၇ ကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၃၃။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၃။(က) သင်ကြားရေးတွင် ဘာသာစကားသုံးမျိုး စနစ် ဖြစ်သော မြန်မာဘာသာစကား၊ မိခင် တိုင်းရင်းသား ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြု သင်ကြားနိုင်သည် ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (က) တစ်မျိုးပဲ ပြောသေးတာပေါ့။ ဟုတ်တယ်နော်။ (က)ကို ဦးသိမ်းဆွေ ရဲ့ ပြင်ဆင်အတည်ပြုချက် ရှိတာပေါ့။ (က) ဟုတ်တယ်မဟုတ်လား။ ပြောလေ။ ဦးသိမ်းဆွေ ပြောလေ။ တည်ဆဲဥပဒေအတိုင်း ဟုတ်တယ်မလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့ပါ။ မူလဥပဒေအတိုင်းကို အတည်ပြုပေးဖို့ပါ။ ၄၃ (က)သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ ဖြစ်စေ သင်ကြားနိုင်သည်။ (ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှု ဘာသာစကားဖြင့် တွဲဖက်အသုံးပြုနိုင်သည်ဆိုပြီးတော့ မူလဥပဒေအတိုင်း အတည်ပြုပေးဖို့ အဆိုပြုတာပါ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးသိမ်းဆွေ က ၄၃ (က)ကို တည်ဆဲဥပဒေအတိုင်း အတည်ပြုသင့်ကြောင်း တည်ဆဲဥပဒေကို ဖတ်ကြားပြသွားပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်နဲ့ ဦးသိမ်းဆွေ ရဲ့အကြံပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၃၈)၊ ကန့်ကွက် (၁၂)၊ ကြားနေ (၂) မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာ ဗညားအောင်မိုး က ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)နဲ့ (င)တို့ကို ပယ်ဖျက်ရမည် လို့ အကြံပြုထားပါတယ်။ မှန်ပါသလား။ မှန်ပြီနော်။ နောက် ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ၄၃(ခ)ကို ပြင်ဆင် အဆိုပြုထားပါတယ်။ မိခင်တိုင်းရင်းသား ဘာသာစကား အမျိုးအစားတို့ကို ရွေးချယ် အသုံးပြုရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ဆုံးဖြတ်ခွင့်ရှိပြီး ဗဟို၏ အတည်ပြုချက်ရယူရမည်။ နောက် (ဂ)၊ မူလတန်းအဆင့်တွင် ကျောင်းတွင်း၌ သတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူခွင့် ရှိသည်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီက ခုနက တင်ပြသွားတဲ့ဥစ္စာက အပိုဒ် ဘယ်အထိ ရောက်သွားပြီးလဲ။ (စ)အထိ ရောက်သွားပြီ။ (က)တစ်ခုပဲ တင်ပြရသေးတယ်။ အဲဒီတော့ အခု (ခ) ကို တင်ရမှာပေါ့။ (ခ)တစ်ခုပဲ အရင် တင်လိုက်ပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ အပိုဒ်ခွဲ(ခ)ကို ဆက်လက်တင်သွင်းပါမယ်။ (ခ) မိခင်တိုင်းရင်းသား ဘာသာစကား အမျိုးအစားတို့ကို ရွေးချယ်အသုံးပြုရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ဆုံးဖြတ်ခွင့်ရှိသည် ဆိုတဲ့ --

**ဥက္ကဋ္ဌ**။ ။ပုဒ်မခွဲ(ခ) နဲ့ပတ်သက်ပြီးတော့ ဒေါက်တာဗညားအောင်မိုး က ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။ ဒီအတွက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၄၂)၊ ကန့်ကွက် (၁၁)၊ ကြားနေ (၀) ဖြစ်ပါတယ်။

ဒါကြောင့် ဒေါက်တာဗညားအောင်မိုး ရဲ့ ပယ်ဖျက်ချက် အဆို ပျက်ပြယ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက် ဦးပေါ်လျှံလွင် ၄၃(ခ)၊ မိခင်တိုင်းရင်းသား ဘာသာစကား အမျိုးအစား တို့ကို ရွေးချယ်အသုံးပြုရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ဆုံးဖြတ်ခွင့်ရှိပြီး ဗဟို၏ အတည်ပြုချက်ရယူရမည်။ အဲဒီတော့ ဦးပေါ်လျှံလွင် ရဲ့ တင်ပြချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၇)၊ ကန့်ကွက်(၁၁)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးပေါ်လှုံလွင် ရဲ့အဆို ပျက်ပြယ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအုန်းတင် ရဲ့ အဆို၊ (ခ) အင်္ဂလိပ်ဘာသာစကားကို အခြေခံပညာ မူလတန်းကျောင်း သူငယ်တန်းအဆင့်မှစ၍ သင်ကြားရမည်။ ဦးအုန်းတင် ရဲ့ အဆိုနဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၄၀)၊ ကန့်ကွက် (၄)၊ ကြားနေ (၃) ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အတည်ဖြစ်ပါတယ်။ ဦးအုန်းတင် က ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ (ခ) သဘောတရားနဲ့ ဦးအုန်းတင် တင်ပြတဲ့ (ခ) သဘောတရားချင်းက တခြားစီ ဖြစ်နေတယ်။ အဲဒီတော့ ဒီ (ခ)က အောက်မှာ (ဂ)မှာကျမှ မိခင်တိုင်းရင်းသား ဘာသာစကား တစ်ခုကို ရွေးချယ်ပြီးကာမှ မြန်မာစာနဲ့ အင်္ဂလိပ်စာကို ဆိုပြီး သွားပြီးတော့ အကျုံးဝင်တဲ့သဘော ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ပုဒ်မ ၄၇ မှာ (က)၊ (ခ)၊ (ဂ) (၃)ခု ကျန်တဲ့ဟာတွေကတော့ အားလုံးပယ်ဖျက်ပေးဖို့ ကျွန်တော် အဆိုတင်သွင်းခဲ့တာပါ။

**ဥက္ကဋ္ဌ**။ ။(က)၊ (ခ)၊ (ဂ) (၃)ခု ကိုထောက်ခံတယ်။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဒီ (၃)ခုကို ထားပြီးတော့ ကျန်တဲ့ဟာတွေအားလုံး ပယ်ဖျက်ဖို့အတွက် ကျွန်တော် ပြောခဲ့တာပါ။

**ဥက္ကဋ္ဌ**။ ။ဩော် ဟုတ်ပြီ။

**ဥက္ကဋ္ဌ**။ ။ဟုတ်ပြီ။ လက်ခံပါတယ်။ အဲဒီတော့ ဘာပြောစရာ ရှိလို့လဲ။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအုန်းတင် က ၄၃ ကို အစားထိုးတဲ့သဘော ဖြစ်ပါတယ် ခင်ဗျား။ မူလ ၄၃ မဟုတ်ဘဲနဲ့ ဆရာဦးအုန်းတင် က အစားထိုးတာပါ။ ၄၃ (က)၊ (ခ)၊ (ဂ)အနေနဲ့ အစားထိုးတဲ့သဘောပါ ခင်ဗျား။ မူရင်းကို အစားထိုးတဲ့သဘောဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဟုတ်သလား ဦးအုန်းတင်။ အသစ်အစားထိုးတာလား။ မိုက်တောင်းပါ။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။မှန်ပါတယ် ဥက္ကဋ္ဌကြီး။ ကျွန်တော် ပြောချင်တာက ၄၃ မှာ တခြားဟာတွေပါတာကတော့ ကျွန်တော် မပြောလိုပါဘူး။ ဒါပေမဲ့ (က)၊ (ခ)၊ (ဂ)၊ ကျွန်တော် စီပြီးတော့ ရေးဖို့ အချက်(၃)ချက်ကို ကျွန်တော် တင်ပြခဲ့တာပါ။

**ဥက္ကဋ္ဌ**။ ။ ဩော် အသစ် အစားထိုးတာ။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။

**ဥက္ကဋ္ဌ**။ ။ဒါပြီးတော့မှာပဲ ဆောင်ရွက်ပေးမယ်။ လောလောဆယ်မှာတော့ ခုနက -

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပထမတင်ပြချက်က ဆရာဦးအုန်းတင် မရှင်းမလင်း ဖြစ်သွားပုံ ရပါတယ်ခင်ဗျား။ အခုတော့ ရှင်းလင်းသွားပါပြီ။ ခုနက တင်ပြတဲ့အတိုင်းပါပဲ။ ၄၃ (က)၊ (ခ)၊ (ဂ)ဆိုတာ မူလ (က)၊ (ခ)၊ (ဂ) မဟုတ်ပါဘူး။ ဆရာဦးအုန်းတင် ရဲ့ စာသားတွေနဲ့ ဆိုတဲ့အခါကျတော့ အသစ် --

**ဥက္ကဋ္ဌ**။ ။မှန်တယ်လေ။ အသစ်အစားထိုးတာ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အသစ် အစားထိုးတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အေး ၊ အဲဒါ ဘာလွဲလို့လဲ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မလွဲပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဲဒီတော့ ဘာထပ်ပြောတာလဲ။ ဒါ အသစ်အစားထိုးတာ။ ဒါကြောင့်မို့ ဒါကို ပြီးတော့မှ သပ်သပ်လုပ်မယ်။ ဟုတ်ပြီလား။ အခု (ခ)ကို ဆုံးဖြတ်နေတယ်။ (ခ)ပြီးရင် (ဂ) လာမယ်။ ဟုတ်ပြီနော်။ (ဃ)၊ (င) ပယ်ဖျက်တာတွေ ရှိတယ်။ ပြီးရင် (ဆ)ရှိတယ်။ အဲဒါတွေက အတည်ဖြစ်ပြီဆိုတဲ့အခါကျတော့ ဦးအုန်းတင် ဥစ္စာနဲ့ ပြန်ပြီးတော့၊ ဒီတစ်ခုလုံးနဲ့ ပြန်ပြီးတော့ ပြန်လုပ်ရမှာပေါ့။ မဟုတ်ဘူးလား။ တော်ရုံတန်ရုံဆိုရင် မျက်စိလည်သွားနိုင်တယ်။

ဒါကြောင့်မို့လို့ အပိုဒ် ၄၃ (ခ)ဟာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။(ဂ) တင်ပြပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ တင်ပြပါမယ်ခင်ဗျား။ အပိုဒ်ခွဲ(ဂ)၊ မိခင်တိုင်းရင်းသား ဘာသာစကား တစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်တိုင်းရင်းသား ဘာသာစကားဖြင့် မူလတန်းအဆင့်တွင် သတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူခွင့် ရှိသည် ဆိုတဲ့ အဆိုပြုပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး က အပိုဒ်ခွဲငယ်(ဂ)ကို ပယ်ဖျက်ဖို့ တင်ပြထားတယ်။ မှန်ပါသလား။

ဒါကြောင့်မို့လို့ ဒေါက်တာဗညားအောင်မိုး ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ဦးတည်ပြုပြီးတော့ မှ ဒေါက်တာဗညားအောင်မိုး ရဲ့ ပယ်ဖျက်ချက်ကို လွှတ်တော်ရဲ့ဆန္ဒ ခံယူပါမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၃၅)၊ ကန့်ကွက်(၁၃)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဒေါက်တာဗညားအောင်မိုး ရဲ့ အပိုဒ်ခွဲငယ်(ဂ) ပယ်ဖျက်မှု အဆို ပျက်ပြယ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တင်ပြပါ။ ဆက်တင်ပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်ခွဲ(ဃ) ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများစွာနေထိုင်သော မြို့ပေါ်ကျောင်းများတွင် သင်ယူ သူများသည် မြန်မာဘာသာစကားကို ကျွမ်းကျင်ပြီးဖြစ်ပါက မြန်မာဘာသာစကားကို မိခင်တိုင်းရင်းသား ဘာသာစကားအဖြစ် အသုံးပြုသင်ကြားခွင့်ရှိသည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြ အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဗညားအောင်မိုး က (ဃ) ကို ပယ်ဖျက်ဖို့ အဆိုပြုထား ပါတယ်။ မှန်ပါသလား။ အဲဒီတော့ ဒေါက်တာဗညားအောင်မိုး ရဲ့ ပယ်ဖျက်ချက်ကို ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီးတော့ ဒေါက်တာဗညားအောင်မိုး ရဲ့ ပယ်ဖျက်ချက်ကို လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၃၄)၊ ကန့်ကွက် (၁၅)၊ ကြားနေ (၁) မဲဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်ခွဲ(င) ဖြစ်ပါတယ်။ မိခင်တိုင်းရင်းသား ဘာသာစကားကို မူကြိုပညာရေးတွင် (၁၀၀)ရာခိုင်နှုန်း၊ မူလတန်းအောက်အဆင့်တွင် (၆၀)ရာခိုင်နှုန်း၊ မူလတန်းအထက်အဆင့်တွင် (၄၀)ရာခိုင်နှုန်း သင်ကြား ခွင့် ရှိသည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာဗညားအောင်မိုး က အပိုဒ်ခွဲငယ် (င)ကို ပယ်ဖျက်ဖို့ တင်ပြ ထားပါတယ်။ မှန်ပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး ဒေါက်တာဗညားအောင်မိုး က ပယ်ဖျက်ဖို့ တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက် အပေါ် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၂၄)၊ ကန့်ကွက်(၂၂)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ်ခွဲ(စ) ဖြစ်ပါတယ်။ အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် မိခင်တိုင်းရင်းသား ဘာသာစကားကို မြန်မာဘာသာ စကားနှင့်အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အပိုဒ်ခွဲငယ် (စ)နဲ့ပတ်သက်ပြီး သီးခြားအဆိုပြုချက် မရှိပါ။ ဟုတ်တယ်နော်။

ဒါကြောင့် အပိုဒ်ခွဲငယ်(စ) ကို လွှတ်တော် ကိုယ်စားလှယ်များ သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၃၊ အပိုဒ်ခွဲငယ်(စ)သည် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြမယ့် အသစ်ဖြည့်စွက်ချက်ကို အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ အမှတ်စဉ် ၄၇ တုန်းက မူလအမျိုးသားပညာရေးဥပဒေ ၄၃ နဲ့ ၄၄ ကို ပယ်ဖျက်တာကို ကျွန်တော်တို့က ပြန်လည် ပယ်ဖျက်ခဲ့ပါတယ်။ ဒါပေမဲ့ ပုဒ်မ ၄၄ ဟာ ၄၄ နေရာမှာ မရှိတော့ဘဲနဲ့ ကျွန်တော်တို့က ၄၃ (ဆ)အဖြစ် အမှတ်စဉ် ပြောင်းလဲစီစဉ်ထားခြင်း ဖြစ်ပါတယ်။ အဲဒီဟာလေးကို ဒါလေးစားစွာ တင်ပြအပ်ပါတယ်။ တင်ပြလိုတဲ့ အဆိုကတော့ အပိုဒ် ၄၃ (ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသား စာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည်ဆိုတဲ့ အဆိုပြုချက်ကို အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၄၃ (ဆ)အတွက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က (ဆ) ကျောင်းတွင်းသင်ကြားခွင့် မရရှိခဲ့သည့် မိခင်တိုင်းရင်းသား ဘာသာစကားများကို ၎င်းတို့၏ အစီအစဉ်ဖြင့် ကျောင်းပြင်ပတွင် အစိုးရ၏

ထိုက်သင့်သော သင်ကြားမှု အသုံးစရိတ် ထောက်ပံ့မှုဖြင့် သင်ကြားခွင့်ရှိသည်လို့ ပြင်ဆင်ချက် တင်သွင်းထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး ဦးစံပြည့် ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၁)၊ ကန့်ကွက်(၈)၊ ကြားနေ(၁)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းတင် ရဲ့ အဆိုပြုချက်နဲ့ ပတ်သက်လို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဦးအုန်းတင် က ပုဒ်မ ၄၃ မှာ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) အားလုံးပယ်ဖျက်ပြီးတော့ အသစ်အနေနဲ့ တင်သွင်းထားတာ ဖြစ်ပါတယ်။ ၄၃(က) မြန်မာဘာသာစကားကို တစ်နိုင်ငံလုံးတွင် သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုရမည်။ အဖြစ် လား၊ ဖြင့် လား။ Command Language ပေ့ါ။ ဟုတ်တယ်မလား။ ဟုတ်တယ်နော်။ အဖြစ်ပေ့ါ။ (ခ) အင်္ဂလိပ်ဘာသာစကားကို အခြေခံပညာ မူလတန်းကျောင်း သူငယ်တန်းအဆင့်မှ စ၍ သင်ကြားရမည်။ (ဂ) မိခင်တိုင်းရင်းသား ဘာသာစကားများကို ကျောင်းအချိန်၏ ပြင်ပတွင် သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာအစိုးရက စီစဉ်ဆောင်ရွက်ရမည်။ ဒီတစ်ချက်ခြင်းအတွက်ကို စဉ်းစားဖို့တော့ လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတင်သွင်းထားတာ ဖြစ်တဲ့အတွက် ဒီ အချက်နဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့နဲ့ ဝန်ကြီးဌာနက ဆွေးနွေးဖို့ လိုပါတယ်။

ဒါတွေဟာ ပြီးခဲ့တဲ့ ဘယ်ပုဒ်မ၊ ဘယ်ပုဒ်မခွဲမှာ ပါသွားပြီ။ အတည်ဖြစ်သွားပြီ။ ဒါနဲ့ ဆန့်ကျင်နေတဲ့အတွက် လက်ခံရန် သင့်/မသင့် ဒါလည်း ထည့်သွင်းဆွေးနွေးဖို့ လိုပါတယ်။ အဲဒီတော့ ဘယ်မှာမှ မပါသေးဘူး။ ဒါကိုတော့ လွှတ်တော်ရဲ့ဆန္ဒရယူဖို့ လိုတယ်ဆိုတာမျိုး ဆွေးနွေးဖို့ လိုပါတယ်။ ဒါကြောင့် ဦးအုန်းတင် အသစ်တင်သွင်းတဲ့ ၄၃ (က)တစ်ချက်ချင်း ဆွေးနွေးပါမယ်။

၄၃ (က) ၊ မြန်မာဘာသာစကားကို တစ်နိုင်ငံလုံးတွင် သင်ကြားရေးဘာသာစကား အဖြစ် အသုံးပြုရမည်ဆိုတာနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထား တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးအုန်းတင် ရဲ့ တင်ပြချက်ဟာ ကျွန်တော်တို့ရဲ့ ၄၃ (က) နဲ့ သဘောချင်း တူပါတယ်။ အဲဒီမှာ သူက မြန်မာဘာသာ ဟာ ရုံးသုံးဘာသာစကား ဖြစ်တဲ့အတွက်ကြောင့် ပုဒ်မ(က) တစ်နိုင်ငံလုံးမှာ သင်ရမယ်။ ဒါ တစ်ခုပါရပါမယ်။ နောက်တစ်ခါ အင်္ဂလိပ်စာကလည်း အရေးကြီးတဲ့အတွက်ကြောင့် သူငယ်တန်းကစပြီး သင်မယ်ဆိုတာလည်း တူပါတယ်။ ကျွန်တော်တို့က ၄၃ (က)မှာ (၃)မျိုး၊ Tri Lingo ဘာသာစကား (၃)မျိုးစနစ် ဖြစ်တာကြောင့်မို့လို့ မြန်မာဘာသာစကား၊ မိခင်တိုင်းရင်းသားဘာသာစကား၊ အင်္ဂလိပ် ဘာသာစကား ဆိုပြီးတော့ (၃)မျိုး ဖြစ်ပါတယ်။ ဦးအုန်းတင် နဲ့လည်း တူပါတယ်။ ဦးအုန်းတင် က မြန်မာဘာသာကို တစ်နိုင်ငံလုံး၊ အင်္ဂလိပ်စကားကိုလည်း သူငယ်တန်းမှစပြီး ဆိုတဲ့အတွက်ကြောင့် တူနေပါတယ်။ တစ်ခုပဲကွာပါတယ်။ ကျွန်တော်တို့က ကျောင်းသင်ဘာသာရပ်။ Medium Of Instruction သင်ကြားရေးဘာသာရပ်အဖြစ်နဲ့

သက်ဆိုင်ရာ မိခင်တိုင်းရင်းသားဘာသာစကားကို ထည့်သွင်းထားပေမယ့် ဦးအုန်းတင် က မိခင်တိုင်းရင်းသား ဘာသာစကားကိုတော့ ကျောင်းချိန်ရဲ့ ပြင်ပမှာပဲ သင်ကြားနိုင်ရန်အတွက် အစိုးရက စီစဥ်ပေးရမယ်လို့ ဒီလိုခွဲထုတ်လိုက်တာ ဖြစ်ပါတယ်။

အဲဒီတော့ ၄၇(က)နဲ့တော့ သဘောချင်းတူပါတယ်။ မြန်မာစာသင်ယူခွင့်ကို သူငယ်တန်းကစပြီးတစ်နိုင်ငံလုံးမှာ ရပါတယ်။ အင်္ဂလိပ်စာဘာသာစကားသင်ယူခွင့်ကို တစ်နိုင်ငံလုံးမှာ ရပါတယ်။ ဒါပေမဲ့ မိခင်ဘာသာစကားကို တိုင်းရင်းသားတွေ ပုဒ်မတော်တော်များများမှာ ဒါတွေကိုပဲ တောင်းဆိုခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒါကိုတော့ ကျောင်းချိန်ပြင်ပဆိုတာနဲ့ ကျောင်းတွင်းနဲ့ ကွာတာပဲရှိပါတယ်။ ကျွန်တော်တို့က တိုင်းရင်းသားဘာသာစကားကို ဘာသာတစ်ရပ် Subject တစ်ရပ်အနေနဲ့ သင်တာမဟုတ်ဘဲနဲ့ (Medium of instruction) ဘာသာတိုင်းဘာသာတိုင်းကို သင်တဲ့အခါမှာ တိုင်းရင်းသားတွေ မြန်မာစကားမပေါက်သေးတဲ့အရွယ်တွေမှာ တိုင်းရင်းသားဘာသာစကားကို အသုံးပြုသင်ကြားခွင့် ဒါကြောင့်မို့လို့ မြန်မာ-အင်္ဂလိပ် တိုင်းရင်းသားဘာသာစကား ဆိုတဲ့ Tri Lingo ကို ဘာသာစကားသုံးမျိုးကို ခြုံငုံပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ခြုံငုံမိပါတယ်။ ဦးအုန်းတင် ကတော့ အဲဒီ တိုင်းရင်းသားဘာသာစကားကို Subject တစ်ရပ်အနေနဲ့ ကျောင်းချိန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ရပြီ။ ရပြီ။ ဝန်ကြီးဌာနက တင်ပြဖို့ရှိပါသလား။ ရှိရင်တင်ပြပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြရမယ်ဆိုလို့ရှိရင်တော့ အဓိက ဒီအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အချက်(၁)ချက်ကတော့ မြန်မာဘာသာစကားကို ဒါ သင်ကြားနိုင်ရေးဆိုတဲ့ဟာကလည်း ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြတဲ့အထဲမှာ ပါပြီးသား ဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်မံပြီးတင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့က သင်ကြားမှုဘာသာစကား ဆိုတာ စာကို ရှင်းပြတဲ့အခါမှာ သင်တဲ့ဘာသာစကားကို ကျွန်တော်တို့ အရင်မူလဥပဒေမှာလည်း ပါပါတယ်။ ဒီပြဋ္ဌာန်းထားပြီးသား ပြည်ထောင်စုလွှတ်တော် ပြဋ္ဌာန်းထားပြီးသား ဥပဒေမှာလည်း ပါ ပါတယ်။ ဒီမှာလည်း ခုနက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌကြီး တင်ပြသွားသလိုပဲ သူက မြန်မာဘာသာစကားဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာစကားဖြင့်ဖြစ်စေ သက်ဆိုင်ရာ မိခင်တိုင်းရင်းသား ဘာသာစကားဖြင့်ဖြစ်စေ Medium of instruction ဆိုတာကတော့ နားလည်အောင်သင်ယူနိုင်တာ ဖြစ်ပြီးတဲ့အတွက် (က) ကိုယ်စားလှယ်တော်ကြီး ဦးအုန်းတင် တင်ပြတဲ့ (က)ဟာလည်း ပါပြီးသား ဖြစ်ပါတယ်။

နောက်ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကလည်း ဒါကိုသွားလိုတဲ့အတွက် ဒါရည်မှန်းချက် ပါပြီးသားဖြစ်တယ်လို့ ဖြည့်စွက်တင်ပြလိုပါတယ်။ အင်္ဂလိပ်ဘာသာစကားကိုလည်း ကျွန်တော်တို့က အခြေခံပညာမူလတန်းမှစတင်ပြီး -----

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ (က)တစ်ချက်ပဲ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ (က)တစ်ချက်ကို ထပ်မံထည့်သွင်းဖို့ လိုအပ်ချက်ရှိ/မရှိ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)။** ။မလိုပါဘူးခင်ဗျား။ ထပ်မံ ထည့်သွင်းဖို့ မလိုပါဘူး။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ ထိုင်ပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအုန်းတင် တင်သွင်းတဲ့ ၄၃(က) မြန်မာဘာသာစကားကို တစ်နိုင်ငံလုံးတွင် သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုရမည်ဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနကတော့ ထပ်မံ ထည့်သွင်းရန် လိုအပ်ခြင်းမရှိကြောင်း တင်ပြထားပါတယ်။ ဒါ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုပေါ် ထောက်ခံ(၁၄၅)၊ ကန့်ကွက်(၂)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားအတိုင်း ၄၃(က) ဦးအုန်းတင် ရဲ့ တင်ပြချက် ထည့်သွင်းရန်မလိုကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

ဦးအုန်းတင် ရဲ့ တင်ပြချက်(ခ) အင်္ဂလိပ်ဘာသာစကားကို အခြေခံပညာမူလတန်းကျောင်း သူငယ်တန်းအဆင့်မှစ၍ သင်ကြားရမည်။ ဥပဒေကြမ်းကော်မတီက လိုရင်းတိုရှင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ကျွန်တော်တို့ တင်ပြချက်မှာ ပါပြီးသား ဖြစ်ပါတယ်။ ၄၃(က)မှာ သင်ကြားရေးဘာသာစကား (၃)မျိုးလုံးထဲမှာ အင်္ဂလိပ်ဘာသာစကားဟာ ခွင့်ပြုပြီးသားဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သီးခြားပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာန တင်ပြစရာရှိရင် တင်ပြပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခု ကျွန်တော်တို့ ဒီဥပဒေကြမ်းကော်မတီက စိစစ်တင်ပြထားသလိုပဲ၊ ဒီ ၄၃(က)မှာ ပါသလို၊ နောက် စာမျက်နှာမှာလည်း အင်္ဂလိပ်စာ မူလတန်းမှစတင်၍ သင်ကြားပေးရမည် ဆိုတဲ့ ဒီပြဋ္ဌာန်းချက် ပါပြီးဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းတင် တင်ပြတဲ့ (ခ)ကို ထပ်မံဖြည့်စွက် ရန်မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအုန်းတင် တင်ပြတဲ့ (ခ) အင်္ဂလိပ်ဘာသာစကားကို အခြေခံပညာမူလတန်းကျောင်း သူငယ်တန်းအဆင့်မှစ၍ သင်ကြားရမည် ဆိုတဲ့အချက်နဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနက ထပ်မံဖြည့်စွက်ရန် မလိုကြောင်း တင်ပြထားပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ တင်ပြချက်ကို မူတည်ပြီး ဦးအုန်းတင် ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၆)၊ ကန့်ကွက်(၄)၊ ကြားနေမရှိ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထား အတိုင်း ဦးအုန်းတင် ရဲ့ ၄၃(ခ) ထည့်သွင်းရန် လိုအပ်ခြင်းမရှိကြောင်း ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

ဦးအုန်းတင် တင်ပြတဲ့ ၄၃(ဂ)ကို ဖတ်ပြပါမယ်။ မိခင်တိုင်းရင်းသားဘာသာစကားများကို ကျောင်းချိန် ၏ ပြင်ပတွင် သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာ အစိုးရက စီစဉ်ဆောင်ရွက်ရမည်။ ဥပဒေကြမ်းကော်မတီက သဘောထားတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ အဲဒါက နောက်စာမျက်နှာ ၃၂၊ ၄၃(ဆ) မှာ ပါပြီးဖြစ်ပါတယ်ခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနဲ့ ဘာသာစကားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်သည်လို့ ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် (ဂ)ဟာ ထည့်သွင်းရန်မလိုပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မတူဘူးလေ။ မတူဘူးလေ။ ဒါက ကျောင်းချိန်ပြင်ပ။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့က ကျောင်းတွင်းမှာ ခွင့်ပြုထားပြီးသား ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မတူဘူးလေ။ ဦးအုန်းတင် တင်ပြတာ ကျောင်းချိန်ပြင်ပတွင် သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာ အစိုးရက စီစဉ်ဆောင်ရွက်ရမယ်။ ဦးခင်မောင်ရီ ပြောတာက ကျောင်းတွင်းမှာ သင်ကြားတဲ့ ကိစ္စတွေ၊ ဟုတ်တယ်မဟုတ်လား။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ မတူဘူးလေ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနဲ့ ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ ဆိုတဲ့အတွက် ကျောင်းတွင်း သင်ကြား တာ။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောထားကွဲလွဲနေတာပေါ့။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်။ သဘောထားကွဲလွဲနေတာ။ ပညာရေးဝန်ကြီးဌာနက တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမှာတော့ ခုနက ကျွန်တော် ဒီ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌကြီး စိစစ်တင်ပြသွားတဲ့အပေါ်မှာ ကျွန်တော်တို့က သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ကျောင်းချိန်တွင် ဖြစ်စေ၊ ကျောင်းချိန်ပြင်ပတွင်ဖြစ်စေ ဒါ စီစဉ်ဆောင်ရွက်နိုင်ပြီးတော့ အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်သွားနိုင်တဲ့ အနေအထားမျိုး ထည့်သွင်းရေးထားတာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တင်ပြချက်အပေါ် ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအုန်းတင် ရဲ့ တင်ပြချက် အပိုဒ်ခွဲငယ်(ဂ)ကို ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနက မူလအတည်ပြုပြီးဖြစ်တဲ့ ၄၃(ဆ) ကို ရပ်တည်ပြီးတော့ ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ၄၃(ဆ) နဲ့ ဦးအုန်းတင် ရဲ့ ၄၃(ဂ)ကို လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၃)၊ ကန့်ကွက်(၅)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ သဘောတရား အတိုင်း ဦးအုန်းတင် ရဲ့ ၄၃(ဂ) ထည့်သွင်းရန် မလိုကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၀)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၅း၂၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၅း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၅း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၅း၃၅။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၃၂)၊ စဉ်(၄၉) ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃ ၏ အောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ ၄၃-က အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်ဆိုတဲ့ အဆိုပြုချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်တဲ့ ဥပဒေရဲ့ အပိုဒ် (၄၈) ဖြစ်ပါတယ်။ မူလဥပဒေ ၄၆ ကို အစားထိုးထားတဲ့ ပုဒ်မဖြစ်ပါတယ်။ ဒီ ပုဒ်မကတော့ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ပါကြောင်း လွှတ်တော်ကို တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က -

အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၆ကို အောက်ပါအတိုင်း အစားထိုးရမည်။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိကလေးကို မည်သည့်ကျောင်းတွင်မဆို အပ်ပိုင်ခွင့်ရှိသည်။ ဦးအုန်းတင် မှန်ပါသလား။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်၊ ဦးအုန်းတင်ရဲ့ အစားထိုးချက်တို့ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုပေါ် ထောက်ခံ(၁၄၀)၊ ကန့်ကွက်(၈)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၃၃ အမှတ်(၅၁) ဖြစ်ပါတယ်။ မူလ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၇ ကို အစားထိုးထားခြင်းဟာ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ပါကြောင်း လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရှိစေရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

ဦးအုန်းတင် မှန်ပါသလား။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ပေါ်မူတည်ပြီး ဦးအုန်းတင် ရဲ့ အစားထိုး ချက်ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၆)၊ ကန့်ကွက်(၄)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း၊ ပယ်ဖျက်ချက်အတိုင်း အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၃၃ အမှတ်(၅၂)နဲ့ (၅၃)ဖြစ်ပါတယ်။ အပိုဒ်(၃၄) အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) ပညာရေးနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပံ့ပိုးကူညီမည်။

နောက် အမှတ်စဉ်(၅၃)ကတော့ ပြင်ဆင်တဲ့ဥပဒေရဲ့ အပိုဒ်(၅၁)ဖြစ်ပါတယ်။ အမျိုးသား ပညာရေးဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ထားခြင်းဟာ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ထပ်ဆင့်ပြီးတော့ ပယ်ဖျက်လိုက်ပါတယ်။ အဲဒီအတွက်ကြောင့် မို့လို့ မူရင်းဥပဒေအတိုင်း အတည်ပြုပေးနိုင်ပါရန် တည်ဆဲဥပဒေအတိုင်း အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ကြီးကို တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြ ချက်ကို လွှတ်တော်က သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၃၃) ရဲ့ အမှတ်(၅၄) ဖြစ်ပါတယ်။ အပိုဒ်(၃၅) အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဃ) ပညာထူးချွန်သူများ၊ ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများ အတွက် ဆက်လက်ပညာသင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ

ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်ဆိုတဲ့ အဆိုပြုတင်ပြချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က

(ဃ) ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက် ပညာသင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ် ခွင့်ပြုနိုင်သည်လို့ ပြင်ဆင်အဆိုပြုထားပါတယ်။

မှန်ပါသလား။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ပေါ်မူတည်ပြီး ဦးအုန်းတင်ရဲ့ ပြင်ဆင်ချက်တို့ကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၄)၊ ကန့်ကွက်(၄)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စာမျက်နှာ ၃၄ ပါ၊ ကျွန်တော်တို့ အမှတ်(၅၅)၊(၅၆)နဲ့(၅၇)ရဲ့ ပထမဖြည့်စွက်တဲ့ ပုဒ်မများကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၃၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(စ)ကို အောက်အတိုင်း အစားထိုးရမည် -

(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြား ဥပဒေများနှင့် အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့် ရှိစေရမည်။

၃၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

(ဈ) ကလေးများကို အခမဲ့ မသင်မနေရ ပညာရေးပြီးမြောက်သည်အထိ တာဝန်ယူ ပံ့ပိုးပေးရမည်။ အပိုဒ်(၃၈) အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ နောက်တွင် ပုဒ်မ ၄၉-က နှင့် ပုဒ်မ ၄၉-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၄၉-က ဒေသဆိုင်ရာ ပညာရေးလုပ်ငန်းများနဲ့ သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပညာရေးဆိုင်ရာ လူထုအဖွဲ့အစည်းများ၊ အမှီအခိုကင်းသော ပညာရှင်များ၊ မိဘများ၊ ဆရာများ၊ ကျောင်းသားများ၊ ဒေသခံပြည်သူများ ပါဝင် အကြံပြုခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက်အဆိုမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ၄၉-ခ ကို အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

၄၉-ခ သင်ယူသူများသည်

(က) လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စုဝေးခွင့်နှင့် ရေးသား ထုတ်ဖော်ပြောဆို ပိုင်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က ဦးအုန်းတင် မှ (က) ဥပဒေနှင့် အညီ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ရှိသည်။

မှန်ပါသလား။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးအုန်းတင် ရဲ့ အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒ ရယူမှာဖြစ် ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၂)၊ ကန့်ကွက်(၆)၊ ကြားနေ(၂)မဲဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၃၅) အမှတ်စဉ် (၅၈) ကနေပြီးတော့ စာမျက်နှာ(၃၇)၊ အမှတ်စဉ်(၆၃)အထိမှာ ပြင်ဆင်ချက်အဆိုများ တင်သွင်းထားခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ တစ်ဆက်တည်း အဆိုပြုတင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

(ခ) ဆရာများ၏ သင်ကြားမှု စွမ်းရည်အပေါ် မိမိတို့၏ ထင်မြင်ချက်ကို တက္ကသိုလ်ကောင်စီ သို့ ရေးသားတင်သွင်းခွင့်ရှိသည်။

၃၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅ဂ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၅ဂ။ ဆရာများသည်

(က) အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ လွတ်လပ်စွာ သုတေသနပြုခွင့်ရှိရမည်။

(ခ) သင်ယူမှုဖွံ့ဖြိုးရေးအတွက် နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရမည်။

(ဂ) သင်ကြားရေး အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပတွင် ပညာဆက်လက်သင်ယူရန် အခွင့်အလမ်း ရှိရမည်။

(ဃ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့်ရှိရမည်။

၄ဝ။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်သင်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့် လျော်ညီသော အရည်အချင်းများ၊ တာဝန်နှင့် အခွင့်အရေးများကို သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။

၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာ အတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။

၄၁။ အမျိုးသားပညာရေးဥပဒေ မူလပုဒ်မ ၅၃ ကို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(က)အဖြစ် အမှတ်စဉ်ပြီး ယင်း၏နောက်တွင် ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ခ) ပညာရေးအဆင့်အသီးသီးတွင် သက်ဆိုင်ရာ ပညာရပ်များသည် တန်းတူတန်ဖိုးရှိပြီး သင်ကြားနေသော ဆရာများသည် စွမ်းဆောင်ရည်ပေါ် မူတည်၍ အခွင့်အရေးခံစားခွင့်ရှိရမည်။

(ဂ) ဆရာဖြစ်နိုင်ရေးအတွက် သန့်စွမ်းမှု၊ မသန့်စွမ်းမှုအရသော်လည်းကောင်း၊ လူမျိုးရေးအရ သော်လည်းကောင်း၊ ဘာသာရေးအရ သော်လည်းကောင်း၊ ကျား၊ မ ဖြစ်ခြင်းအရ သော်လည်းကောင်း ခွဲခြားခြင်း မရှိစေရ။

၄၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

ဒါ ကျွန်တော်တို့ တင်သွင်းခဲ့တဲ့အဆို ပြုပြဋ္ဌာန်းချက်အတိုင်း တိုက်ရိုက်လက်ခံခဲ့တာဖြစ်ပါတယ်။

(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် ကျောင်းတွင်း အရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဥ်နှင့် ကျောင်းပြင်ပ အရည်အသွေးစစ်ဆေး အကဲဖြတ်မှု လုပ်ငန်းစဥ်တို့ ပါဝင်ရမည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှားပြင်ဆင်ခြင်း တင်ပြပါမယ်။ (ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် ကျောင်းတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ် လုပ်ငန်းစဥ်နှင့် ပြင်ပပါခင်ဗျား။ ကျောင်းမပါပါဘူး။ ပြင်ပအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဥ်တို့ ပါဝင်ရမည် ဆိုတဲ့ ပြင်ဆင်ချက် ဖြစ်ပါတယ်။

၄၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၅၅။(က) ကော်မရှင်သည် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု ကော်မတီ ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး၊

(၂) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး၊

(၃) ဝန်ကြီးဌာနက ဘာသာရပ်အလိုက် ခန့်အပ်သော ပညာရှင်များ၊

(၄) ပညာရပ်ဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းများက ရွေးချယ်ပေးသည့် ပညာရှင်များ၊

(၅) သင်ရိုးညွှန်းတမ်းပညာရှင်များ၊

(၆) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင် (၂)ဦး၊

(၇) ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး။

တင်ပြပါပြင်ဆင်ချက်များကို လွှတ်တော်ကြီးမှ အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သီးခြားအကြံပြုချက် မရှိတဲ့အတွက် လွှတ်တော်က သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

ခဏလေး။ ဖြည့်စွက်ချက်ပါ။ မရောက်သေးဘူးလေ။ သဘောတူပါသလား တစ်ကြိမ် မေးပြီး ပြီနော်။ နောက် နှစ်ကြိမ်ပဲ မေးတော့မယ်။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး က ပုဒ်မခွဲငယ်(၇) ၏ အောက်တွင် ပုဒ်မခွဲငယ်(၈) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၈) တက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ အမည်စာရင်း တင်သွင်းသော ပညာရှင်(၁)ဦး၊ မှန်သလား။ ပညာရှင်(၂)ဦး။

ဒီအပိုဒ်ကို အရင်လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဗညားအောင်မိုး ရဲ့ ဖြည့်စွက်ချက်ကို လက်ခံရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူမှာဖြစ်ပါတယ်။

ထောက်ခံမဲများရင် လက်ခံမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့် ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၁၃)၊ ကန့်ကွက်(၃၆)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက်ကြောင့် ဒေါက်တာဗညားအောင်မိုး ရဲ့ ဖြည့်စွက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဒေါက်တာဗညားအောင်မိုး ရဲ့ ဒုတိယဖြည့်စွက်ချက်

ပုဒ်မခွဲငယ်(၈)၏အောက်တွင် ပုဒ်မခွဲငယ်(၉) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

(၉) ပြည်နယ်လွှတ်တော်နှင့် အစိုးရများမှ ညှိနှိုင်းရွေးချယ်ပေးသော တိုင်းရင်းသား ပညာရှင်(၁)ဦးစီ ပေါင်း(၇)ဦး။

မှန်ပါသလား။

ဒေါက်တာဗညားအောင်မိုး ရဲ့ ဖြည့်စွက်ချက်ကို လက်ခံရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ထောက်ခံမဲများရင် လက်ခံမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၀၉)၊ ကန့်ကွက်(၃၈)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာဗညားအောင်မိုး ရဲ့ ဖြည့်စွက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စာမျက်နှာ (၃၈)၊ အမှတ်စဉ်(၆၅)က အပိုဒ်(၅၅)ရဲ့ ပုဒ်မခွဲ များကို ဆက်လက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ၅၅-ခ ကတော့ အသစ်ဖြည့်စွက်တာဖြစ်ပြီးတော့ နဂိုမူလ ကျွန်တော်တို့ ဥပဒေကြမ်းအစီရင်ခံစာတင်သွင်းစဉ်ကတည်းက ပါရှိတဲ့ အမှတ်စဉ်များကိုလည်း ပြောင်းလဲပြီးတော့ ပုဒ်မစဉ်များပြောင်းလဲပြီးတော့ ဖတ်ကြားသွားမှာ ဖြစ်တဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

၅၅။ (ခ) ကော်မရှင်သည် လိုအပ်ချက်နှင့် အညီ ကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီနှင့် ယင်းက ဖွဲ့စည်းသော အဖွဲ့များ၏ အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။

(ဃ) ကော်မတီနှင့် ယင်းကဖွဲ့စည်းသော အဖွဲ့များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

(င) ကော်မတီနှင့် ယင်းကဖွဲ့စည်းသော အဖွဲ့များနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

(စ) ကော်မတီသည် အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

တင်ပြပါပြဋ္ဌာန်းချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

နည်းနည်းစောင့်ပါဦး။ မိုက်ပေးတဲ့အထိ စောင့်ပါဦး။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ စာမျက်နှာ (၃၈)၊ အပိုဒ်(၆၆) ဖြစ်ပါတယ်။ အပိုဒ်(၄၄)ပါ။ အမျိုးသားပညာရေးဥပဒေ အခန်း ၁၁ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-ပညာရေးစီမံခန့်ခွဲမှု ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဦး ကလည်း ပြင်ဆင်ချက်အဆိုတင်သွင်းထားပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဦး က တည်ဆဲဥပဒေ အခန်းခေါင်းစဉ် ခေါင်းစဉ်အတိုင်း ပညာရေး စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုလို့ ပြင်ဆင်လိုတာ ဖြစ်တယ်။

မှန်ပါသလား။

အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပညာရေးစီမံခန့်ခွဲမှုအပေါ် မူတည်ပြီးတော့ ဦးမင်းဦးရဲ့ ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု ဆိုတဲ့ ခေါင်းစဉ်ကို လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၇)၊ ကန့်ကွက်(၁၂)၊ ကြားနေ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၃၉)၊ အမှတ်စဉ်(၆၇)နှင့် (၆၈)တို့ကို ဆက်လက်ပြီးတော့ အဆို တင်သွင်း သွားမှာ ဖြစ်ပါတယ်။

၄၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) တက္ကသိုလ်ကောင်စီသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲ ရမည်။

( ခ ) ဝန်ကြီးဌာနနှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် တက္ကသိုလ်ကောင်စီ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးရမည်။

၄၆။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

( ခ ) ထူးခြားသော လုပ်ငန်းသဘာဝအရအစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေများနှင့် အညီ စီမံခန့်ခွဲရမည်။

(ဃ) ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းသဘာဝအရ သီးခြားခွင့်ပြုချက်ဖြင့် ထူထောင်ဖွင့်လှစ်ထား သည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန် အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေး နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာ ပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည် ဆိုတဲ့ ပြင်ဆင်ပြဋ္ဌာန်းချက်များကို အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေဟာ ဦးစားပေး ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ညနေ(၄)နာရီကျော်သွားတဲ့အထိ ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ လွှတ်တော်ကို တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြပါ။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၄၁)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အပိုဒ်စဉ်(၆၉)မှ ကျွန်တော်တို့ အပိုဒ်(၄၇) ရဲ့ ခြေဆင်းစာသား ဖြစ်ပါတယ်။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်။ ဒါကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ မူလပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ထည့်သွင်းဖော်ပြထားတဲ့ အပိုဒ်ခွဲ(က)ကတော့ ထပ်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ပယ်ဖျက်သင့်ကြောင်း လွှတ်တော်က ကျွန်တော်တို့ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြထားတဲ့ပယ်ဖျက်မှုကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခြေဆင်းက သပ်သပ်၊ အောက်က (က) က သပ်သပ် (က) ကျမှ သီးခြား အဆိုပြုချက်ရှိတယ်။ အဲဒီတော့ ခြေဆင်းကို အရင်အတည်ပြုပါမယ်။ ခြေဆင်း ပုဒ်မ ၄၇။ အမျိုးသား ပညာရေး ဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်။

အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို လွှတ်တော်က သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) က

၅၈။(က) ပညာအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်းဆိုတဲ့ သီးခြား အကြံပြုချက် တင်ပြထားတာ ရှိပါတယ်။

မှန်ပါသလား။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ သီးခြား အကြံပြုချက်မဟုတ်ဘူး ခင်ဗျား။ မူလ ၅၈(က)က ပညာရေးအရည်အသွေးပါ။ အဲဒီမှာ ပညာ အရည်အသွေး ဖြစ်နေတယ်။ ရေးတစ်လုံးမပါပါဘူး။ ပညာရေးအရည်အသွေး။ ဒါဟာ ကျွန်တော်တို့ မူလဥပဒေရဲ့ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အတိုင်းပါ။ တင်သွင်းတာ။ ဒါဆိုလို့ရှိရင် ဒီအပေါ်ကို တည်ပြီး မဲခွဲတယ်ဆိုရင် ဥပဒေကြမ်းရဲ့ အတည်ပြုချက်နဲ့ ဒီဥစ္စာနဲ့ အတူတူပါပဲ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းရဲ့။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ ဥပဒေကြမ်းကလည်း ၁(က)နဲ့ (ဂ)က မူလအတိုင်း။

**ဥက္ကဋ္ဌ။** ။ အင်း ဟုတ်ပြီ။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ (ခ)နဲ့ (င) သာ ပြင်တယ်နဲ့ တူပါတယ်။ ဒါကြောင့် ကျွန်တော်ဒီဥစ္စာက ဥပဒေကြမ်းနဲ့အတူတူပါပဲ။ ကျွန်တော်မူလအတည်ပြုချက် အတိုင်းပါပဲ။ အဲဒီမှာ print error တစ်ခု ဖြစ်နေတယ်။ ပညာရေးအရည်အသွေး။ ရေး တစ်လုံးကျန် နေတယ်။

**ဥက္ကဋ္ဌ။** ။ ရပြီ။ အဲဒီတော့ ဒါကို (က)ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားတယ်။ အဲဒီတော့ ဦးမင်းဦး က ဒါကို (က)ပြန်ထည့်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြ ချက်ကို မူတည်ပြီး ဦးမင်းဦးရဲ့ ၅၈(က) ပညာရေးအရည်အသွေး မြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း ချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင် အထည်ဖော်မှုကို ပံ့ပိုးခြင်း။ ဒီ အချက်နှစ်ချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။ အကယ်၍ ဦးမင်းဦး ရဲ့ အဆိုပြုချက် အတည် ဖြစ်တယ်ဆိုရင် စောစောက ခြေဆင်းမှာ ပြန်ပြီးတော့ ပြင်ပေးမှာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၆)၊ ကန့်ကွက်(၁၂)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲများတဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ်(၇၀)ကို မတင်ပြခင် အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ခုနက္ကျွန်တော်တို့ မူရင်းဥပဒေပုဒ်မ ၅၈(က)က ပြင်ဆင်တဲ့ ဥပဒေမှာကျတော့ နောက်ဆုံးပိတ် ပုဒ်မ ၇၀ အနေနဲ့ ပါလာပါ တယ်။ အဲဒီဟာကို ကျွန်တော်တို့က ပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ)၊ ဒါကတော့ ပညာရေးရည်မှန်းချက်များ အခန်း မှာ သင့်လျော်မယ်ထင်ပြီးတော့ ပြောင်းရွှေ့လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒါပယ်ဖျက်တာမဟုတ်ပါဘူး။ ပြောင်းရွှေ့ခြင်းသာဖြစ်ပါတယ်ဆိုတာ ဒါ လွှတ်တော်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ၊ ပြောင်းရွှေ့တာ ပါသွားပြီလား။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ပါသွားပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပါသွားပေမယ့်၊ ဒီနေရာမှာ ပယ်ဖျက်တာက ပယ်ဖျက်တာပဲ။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ပယ်ဖျက်တာ မှန်ပါတယ်ခင်ဗျား။ မှန်ပါတယ်ခင်ဗျား။ အဲဒီဟာကို ရှင်းလင်းတင်ပြတာ။

**ဥက္ကဋ္ဌ**။ ။ မှန်လို့ရှိရင် ဒီဟာကို ထပ်ပြောစရာမလိုဘူး။ ထပ်ပြောမှ ရှုပ်သွားမယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဟုတ်ကဲ့ပါ။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုတ်ကဲ့၊ အပိုဒ်(၇၀) ကို တင်ပြပါ့မယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌကို မျက်စိလည်အောင်လုပ်ဖို့ ကြိုးစားနေတာလား။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အစဉ်(၇၀)ကို အတည်မပြုရသေးပါဘူးခင်ဗျား။ အမှတ်စဉ်(၈၁) ကျမှ လာမှာပါ။ အဲဒီတော့မှ သူက အတည်ပြုန်ဖြစ်သွားမှာပါ။ ဟုတ်ကဲ့ပါ။ မပါသေးပါ ဘူးခင်ဗျား။ ပယ်ဖျက်လိုက်တာ။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ။ မပါသေးဘူး။ ဒါပေမယ့် ဒီနေရာမှာ ပယ်ဖျက်တယ် မဟုတ်လား။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဒီနေရာမှာ ပယ်ဖျက် ပါတယ် ခင်ဗျား။ ပယ်ဖျက်တဲ့အကြောင်း ရှင်းလင်းတင်ပြတာပါခင်ဗျား။ အမှတ်စဉ်(၇၀)ပါ ခင်ဗျား။

(ခ) မဟာဗျူဟာများဝါဒများနှင့် ယင်းတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေနှင့် အခြားလုပ်ထုံး လုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ အမှီအခိုကင်းသော ပညာရှင်များ၊ ပညာရေးဆိုင်ရာ လူထုအဖွဲ့အစည်းများ၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်များနှင့် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူပြီး၊ ပြည်သူလူထု ထံကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်းဆိုတဲ့ ဥပဒေကြမ်းကော်မတီ

ရဲ့ ပြင်ဆင်ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ က

(ခ) မဟာဗျူဟာများဝါဒများနှင့် ယင်းတို့ကိုအကောင်အထည်ဖော် ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ပညာရှင်များ၊ ပညာရေးဆိုင်ရာ လူထု အဖွဲ့အစည်းများ၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်များနှင့် ကျောင်းသား သမဂ္ဂ ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူပြီး၊ ပြည်သူလူထုထံ ကျယ်ပြန့်စွာ သိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း၊

ဦးသိမ်းဆွေ မှန်ပါသလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အဆိုပြုချက်ဟာ ကျွန်တော် တင်ပြထားတဲ့ အဆိုပြုချက် မဟုတ်ပါဘူး။ ဦးမင်းဦး တင်ပြထားတာဖြစ်တဲ့အတွက် ဦးမင်းဦးကို မေးမြန်းတာပိုပြီး အဆင်ပြေပါလိမ့်မယ်ခင်ဗျား။ မှားပြီးတော့ သူတို့ ထည့်ထားတာ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဦးမင်းဦး မှန်ပါသလား။ ပြောပါ။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့၊ အမှီအခိုကင်းသော ဆိုတဲ့ နေရာမှာ အဲဒါကို ဖြုတ်ပြီးတော့ ပညာရှင်လို့ပဲ သတ်မှတ်တာပါ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ၊ ခုနတုန်းက ဖတ်ပြတာ မှန်ပါသလား။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)**။ ။ မှန်ပါတယ်ခင်ဗျား။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ အဲဒီတော့ အမှီအခိုကင်းသော ပညာရှင်နဲ့ပညာရှင်ပဲ။ သိပ်များများတော့ စဉ်းစားစရာမလိုဘူး။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ဦးတည်ပြီးတော့ ဦးမင်းဦး ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၇)၊ ကန့်ကွက်(၁၁)၊ ကြားနေ (၁)မဲဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅၈ ရဲ့ ပုဒ်မခွဲ( င) ဖြစ်ပါတယ်။

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေး စည်းမျဉ်းနဲ့ အညီ အသုံးပြုစေခြင်းဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အောက်ကရော ၆၃။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ကျွန်တော်တို့ အစဉ် (၇၁)ဖြစ်ပါတယ်။ မူလဥပဒေရဲ့ အပိုဒ် (၆၃)ပါ။ ကျွန်တော်တို့ ပြင်ဆင်ထားတာတော့ အပိုဒ်(၄၈) ဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်သည် ဖြစ်ပါတယ်ခင်ဗျား။ ဒီ ပြင်ဆင်ချက်ကိုလည်း ဒီအဆိုပြုချက်ကိုလည်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၄၁)ဖြစ်ပါတယ်။ အမှတ်စဉ် (၇၂)ပါ။

၄၉။ အမျိုးသား ပညာရေး ဥပဒေ ပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည်။

၆၀။ ဝန်ကြီးဌာနသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် အမှီအခို ကင်းသော ပညာရှင်များပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)က ဦးမင်းဦး က ၆၀ ကို တည်ဆဲဥပဒေအတိုင်း အတည်ပြုသင့်ပါသည် ဆိုပြီးတော့ တင်ပြထားတယ်။

မှန်ပါသလား။ ကောင်းပါပြီ။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ဦးတည်ပြီး ဦးမင်းဦး ရဲ့ တည်ဆဲဥပဒေအတိုင်း အတည်ပြုသင့်သည်ဆိုတဲ့ အချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

တည်ဆဲဥပဒေအတိုင်း ဆိုတာလေး ဦးမင်းဦး က အဆင့်သင့်ဖြစ်ပြီလား။ ဖြစ်ရင် ဖတ်ပြပါ။ အဆင်သင့်မဖြစ်ရင် ဥက္ကဋ္ဌကပဲ ဖတ်ပြလိုက်တော့မယ်။

ကော်မရှင်သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား၊ ဟုတ်တယ် မဟုတ်လား။ ဖြစ်ရင် မိုက်တောင်းလေ။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)**။ ။ ကော်မရှင်သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်း တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးရမည်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ဦးမင်းဦး ရဲ့ အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၃၆)၊ ကန့်ကွက်(၁၄)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ်(၇၃) ဖြစ်ပါတယ်။ ကျွန်တော်တို့ အပိုဒ်(၅၀)၊ မူလဥပဒေ ပုဒ်မ ၆၂ ကို အစားထိုးတဲ့နေရာမှာ ပထမပြင်ဆင်ချက်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၅၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည်။

(က) နိုင်ငံ၏ ပညာရေးအသုံးစရိတ်ကို (၅)နှစ်အတွင်း တစ်နိုင်ငံလုံး အသုံးစရိတ်၏ (၂၀) ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲနိုင်ရန် ရည်မှန်းဆောင်ရွက်ရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော က

(က) နိုင်ငံ၏ ပညာရေး အသုံးစရိတ်ကို (၅)နှစ်အတွင်း သင့်လျော်သည့် ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးမြှင့် သုံးစွဲနိုင်ရန် ရည်မှန်းဆောင်ရွက်ရမည်လို့ ပြင်ဆင်လိုပါတယ်။ မှန်ပါသလား။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော ရဲ့ တင်ပြချက်တို့ကို ဆန္ဒမဲခံယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီးတော့ ဆန္ဒပြုနိုင်ပါပြီ။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၅၄)၊ ကန့်ကွက်(၉၈)၊ ကြားနေ(၁)မဲဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြင်ဆင်ချက်အဆိုများ တင်သွင်းထားခြင်း မရှိတောတဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းရဲ့ ပြီးဆုံးသည်အထိ အဆိုများ တင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်။

၅၀။ မူရင်းပုဒ်မ ၆၂(ခ)ကို အစားထိုးတာ ဖြစ်ပါတယ်။

(ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်း/ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

၅၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည်

(က) ဘဏ္ဍာငွေ သုံးစွဲရာတွင် တည်ဆဲ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ သုံးစွဲပြီး၊ စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာ ရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၆၂ (ခ)အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေး ကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် အညီ စစ်ဆေးမှု ကို ခံယူရမည်။

၅၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

**ဥက္ကဋ္ဌ**။ ။ ခုနတုန်းကလည်း ၆၃ မှာ တစ်ခါတည်း (က)မှာ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းဆိုတာ "ရေး" လွှတ်တော်ကမှတ်ထားလိုက် "ရေး" ကျန်နေခဲ့တယ်။ ဟုတ်ပြီ။ ဖတ်သွားတာပါတယ်။ Typing မှာ မပါဘူး။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။

၅၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ခါ မှားဖတ်ရင်တော့ Fine ချမယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တော်တော်လည်း ဟုတ်ပါတယ်။ ဥက္ကဋ္ဌကြီးကိုလည်း အခုမှ ဒီနေ့မှ တကယ့်ကို ကိုယ်ချင်းစာမိပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အေးလုပ်ပါ။ ဖတ်ပါ။ (၄)နာရီကျော်နေလို့ရှိရင် ရထားလက်မှတ်၊ ကားလက်မှတ်ဖိုး လျော်သွားရမယ်နော်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ )**။ ။ ပြန်လည်တင်ပြပါ့မယ်ခင်ဗျား။

၅၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) တက္ကသိုလ်နှင့် ကောလိပ်များသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်။

၅၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ) တက္ကသိုလ်ကောင်စီသည် သက်ဆိုင်ရာတက္ကသိုလ် အတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၅၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၆၅။ ကော်မရှင်သည် မိမိဖွဲ့စည်းထားသောကော်မတီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၆ ကို အောက်ပါ အတိုင်း အစားထိုး ရမည် -

(က) ဤဥပဒေ မပြဋ္ဌာန်းမီကတည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ဖြစ်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဆက်လက်ပညာသင်ယူခွင့် ရှိစေရမည်။

ကျွန်တော်တို့ မူလပြင်ဆင်တဲ့ ဥပဒေမှာပါတဲ့ အပိုဒ်ခွဲ(ဂ)နဲ့ (ဃ)တို့ကိုတော့ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ထားပါတယ်ခင်ဗျား။

၅၆။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ပြည်တွင်းရှိလူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များကဆိုသည့် စကားရပ်ကို ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေး အဖွဲ့အစည်းများကဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ) ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ ထုတ်ပြန်ရာတွင် မိဘပြည်သူများ၊ အမှီအခိုကင်းသော ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များနှင့် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူနိုင်သည်။

ကျွန်တော်တို့ နောက်ဆုံး အမှတ်စဉ်(၈၁) ဖြစ်ပါတယ်။

ပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ)သို့ ပြောင်းလဲအမှတ်စဉ်ရမှာ ဖြစ်ပါတယ်။

အပိုဒ်(၃)၊ အပိုဒ်ခွဲ(ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိရယူနိုင်သည်။ ဖြစ်ပါတယ်။ "မှ" ကျန်ခဲ့ပါတယ်။

ဟုတ်ကဲ့ပါ ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြသွားတဲ့ ပြဋ္ဌာန်းချက်များအားလုံးကို အမျိုးသား လွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူလူထု "က" ပဲ ဖြစ်မယ်။ "မှ" ဆိုတော့ ပြည်သူလူထုထံမှ ဖြစ်နေမယ်။ "က"နော်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

**ဥက္ကဋ္ဌ**။ ။ ဘယ်ဟာ ကျန်ခဲ့သလဲ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။တစ်ခုကျန်ခဲ့တယ်။ ကျွန်တော့် ဥစ္စာ၊ ကျွန်တော်အချိန်မရလို့ စာမျက်နှာ (၃၁)၊ ၄၃(ဂ) မူလတန်း ကျောင်းအဆင့်တွင် ကျောင်းတွင်း၌ သတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူခွင့်ရှိ သည်။ အဲဒီတစ်ချက်ပဲ။ အဲဒါလေး။

**ဥက္ကဋ္ဌ**။ ။ မှန်တယ်၊ မှန်တယ်။ အဲဒီတော့ (ဂ)သည် မူလတန်းကျောင်းအဆင့်တွင် ကျောင်းတွင်း၌ သတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူခွင့်ရှိသည် ဆိုတဲ့ဟာကို ဒါ အသစ် ဖြည့်စွက်ချက်ပေါ့၊ ဟုတ်တယ်မဟုတ်လား။ ဥပဒေကြမ်းကော်မတီက ဒါ အသစ်ဖြည့်စွက်ချက် ဖြစ်နေတယ်။

ကောင်းပြီ။ ဒီအချက်နဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ပြောပါ။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဒါကတော့ တင်ပြချက်မှန်ပါတယ်။ ဒါကျွန်တော်တို့ ဆုံးဖြတ်ရင်း ကျန်သွားတာမှန်ပါတယ်။ အဲဒါတော့ ကျွန်တော် တို့ ဒီမှာ အပိုဒ်(ဂ) ပေါ့၊ (ဂ)က ကျွန်တော်တို့ အတည်ပြုခဲ့တဲ့ (ဂ) ဟာ မိခင်တိုင်းရင်းသားဘာသာ စကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာ၊ အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများ အသုံးပြုပြီးဆိုတာနဲ့ သူကသဘောချင်းတူပါတယ်။ ဒါပေမယ့် အနှစ်သာရကွဲပါတယ်။ သဘောထား ကွဲလွဲတဲ့ သဘောပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီလေ။ ဒါကြောင့်မို့လို့ လို/မလို ပြောရမှာပေါ့။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ )**။ ။ မလိုအပ်ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ကနေပြီးတော့ လွှတ်တော်

ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့ ဖြည့်စွက်တဲ့အချက်အပေါ်မှာ (၂)ခုတွေ့ပါတယ်ခင်ဗျား။ တစ်ခုကတော့ ဥက္ကဋ္ဌကြီး စိစစ်ပြီးတင်ပြသွားသလိုပဲ (ဂ)မှာ ပါပြီးသား ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေကနေပြီး တော့ စိစစ်ဆောင်ရွက်နိုင်တာ ဖြစ်တဲ့အတွက် ကျောင်းတွင်းမှာဖြစ်စေ၊ ကျောင်းပြင်ပမှ ဖြစ်စေ ဆောင်ရွက်နိုင်တဲ့ အနေအထားမျိုးဖြစ်တဲ့အတွက် (၂)ချက်စလုံးတောင် ပါဝင်ပြီးသားဖြစ်တဲ့အတွက် ထပ်မံဖြည့်စွက်ရန် မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ၊ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ် တင်ပြတာဖြစ်တဲ့ အတွက် ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနက ထပ်မံဖြည့်စွက်ရန် လိုအပ်ခြင်းမရှိကြောင်း တင်ပြချက်အပေါ် မူတည်၍ ဦးပေါ်လျှံလွင် ရဲ့ တင်ပြချက် ၄၃(ဂ) မူလတန်းအဆင့်တွင် မိခင် တိုင်းရင်းသား ဘာသာစကားကို ကျောင်းတွင်း၌ သတ်မှတ်ချက်များနဲ့အညီ သင်ကြား၊ သင်ယူနိုင်ခွင့် ရှိသည်ဆိုတာကို လွှတ်တော်ရဲ့ ဆန္ဒခံယူပါ့မယ်။

ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၀)၊ ကန့်ကွက်(၇)၊ ကြားနေ (၃)မဲဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီနဲ့ ဝန်ကြီးဌာနရဲ့ မူအရ ဖြည့်စွက်ရန်မလို ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

ခုန ဥပဒေကြမ်းကော်မတီက တင်ပြသွားတာတွေ သဘောတူ/မတူ မရသေးဘူး။ ဦးပေါ်လျှံလွင် က ဒီအချိန်မှာ ကြားဖြတ်ပြီးတော့ မလုပ်ရဘူး။ ပြီးတော့မှ (၁)မှ (၇၃)အထိဆိုတာ လာတဲ့ အချိန်မှာ ပြောလို့ရတယ်နော်။ ခုန ဥပဒေကြမ်းကော်မတီကနေပြီးတော့ တင်ပြသွားတဲ့အချက်တွေ အများ ကြီးရှိတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထားကို ပြန်မေးရမှာပေါ့။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

ကိုဖုန်းမြင့်အောင် ပြောမယ့်ကိစ္စက နောက်တစ်ခုမှ လာမှာနော်။ နည်းနည်း အိပ်ငိုက်နေပုံ ရတယ်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

ဟင်၊ ဘယ်သူလဲဖြေတာ၊ နည်းနည်းတော့ Half-Fired တွေ ဘာတွေဖြစ်ကုန်ပြီထင်တယ်။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဒါ ခုနတင်ပြသွားတဲ့အချက်ကိုပဲပြောတာ၊ ဥပဒေကြမ်း ကော်မတီကတင်ပြတဲ့အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးဖုန်းမြင့်အောင် ဘာပြောမလဲဆိုတာ သိတယ်။ အဲဒီတော့ နောက်မှ လာမယ်ဆိုတာ အခု လာပြီ။

ယခု အဆိုမှာ ဤဥပဒေကြမ်းအပိုဒ် ၁ မှ ၇၃ တို့သည် ၇၃ မှန်တယ်နော်။ နောက်ဆုံးမှာ ပြင်ရင်း ပြင်ရင်း ပြင်ရင်းနဲ့ အပိုဒ်တွေ တိုးလာမှာစိုးလို့၊

၇၃ မဟုတ်တော့ဘူးနော်။ ဟုတ်ပြီ၊ ၅၃ အထိပဲရှိတယ်၊ ကောင်းပြီ၊ ရပြီ၊ရပြီ၊ ယခုအဆိုမှာ ဤဥပဒေကြမ်းမှာ ခုနအတည်ပြုပြီးခဲ့တဲ့ အပိုဒ်အားလုံး ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဲလိုလည်း လုပ်တတ်ပါတယ်။ ကဲလာမယ်၊

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

ကောင်းပြီ၊ သဘောမတူတဲ့သူ ရှိတဲ့အတွက် နော်။ သဘောမတူတဲ့သူ ရှိတယ်။ မဲခွဲပေး မယ်လေ။ ဟုတ်ပြီလား။

လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာဖြစ်ပါတယ်။

ဒါကြောင့် ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ထောက်ခံမဲများလို့ရှိရင် သဘောတူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၄၂)၊ ကန့်ကွက်(၉)၊ ကြားနေ(၁) ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ်အားလုံးဟာ ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့် သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လိုပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။ အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို ပမာဏဦးစွာ အနေနဲ့တော့ ဤကဲ့သို့ ကျွန်တော်တို့ ဝါယမများ စိုက်ထုတ်ပြီးတော့ အားလုံး အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါကြောင်းကို မှတ်တမ်းတင်အပ်ပါတယ် ခင်ဗျား။ မှတ်တမ်းတင် တင်ပြခွင့်ပြုပါ။ ဂုဏ်ပြုမှတ်တမ်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒေါက်တာဇော်မင်းအောင်၊ ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးဘိုးရယ်၊ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုတင်သွင်းခြင်းကို ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဘိုးရယ် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။ ဒီနေရာမှာ ခပ်မြန်မြန်ပဲ လုပ်လိုက်မယ်။ အဆိုအတည်ဖြစ်တဲ့အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၅) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၆း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥက္ကဋ္ဌ တောင် မထရသေးဘူး။ ဘာဖြစ်လို့ ထကြတာလဲ။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၆း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]